ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်၊ ကြာသပတေးနေ့။ Thursday, 4 August 2022 ၁၀၈၁၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရုရှား-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊ ခရီးသွားလုပ်ငန်းများတိုးမြှင့်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန်စေလွှတ်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Sergey Lavrov ကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံဆက်ဆံရေးသည် ၂၀၂၃ ခုနှစ်တွင် (၇၅)နှစ် ပြည့်မြောက်တော့မည်ဖြစ်၍ စိန်ရတုအခမ်းအနားများ ကျင်းပပြုလုပ်နိုင်ရေး၊ ရုရှား-မြန်မာ နှစ်နိုင်ငံသည် မိတ်ဆွေရင်း ညီအစ်ကိုနိုင်ငံများဖြစ်သည့်အတွက် သံတမန်ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ရုရှားနိုင်ငံ၌ မြန်မာကောင်စစ်ဝန်ရုံး နှစ်ခု ထပ်မံဖွင့်လှစ်သွားမည့် အခြေအနေနှင့် မြန်မာနိုင်ငံတွင်လည်း ရုရှားကောင်စစ်ဝန်ရုံးများ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Sergey Lavrov အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**ယနေ့ ဖတ်စရာ**



### မြန်မာ-ရုရှားနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆွေးနွေးပွဲ ကျင်းပ

စာမျက်နှာ » ၄



### ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

စာမျက်နှာ » ၅

### နိုင်ငံအကျိုးပြုပညာရေးဆီသို့ . . .

ဆောင်းပါး စာမျက်နှာ » ၆

### ဈေးကွက်အတွင်း လက်ကျန်နည်းပါးနေခြင်းကြောင့် မြေပဲဆန်ဈေးနှုန်းများ မြင့်တက်လာ

စာမျက်နှာ » ၈

### မျောက်ကျောက်ရောဂါ သတိရှိပါ

ဆောင်းပါး စာမျက်နှာ » ၁၁

### ယခုနှစ်ပထမခုနစ်လအတွင်း တရုတ်နိုင်ငံသို့ ဆန်စပါးတင်ပို့မှုမှတစ်ဆင့် ကမ္ဘောဒီးယားနိုင်ငံ အမေရိကန်ဒေါ်လာ ၈၉ သန်း ဝင်ငွေရရှိခဲ့

စာမျက်နှာ » ၁၃



ကြေးမုံ

# တိုင်းပြည်အေးချမ်း သာယာဝပြောရေး ကြိုးပမ်း

"လက်ရှိ ၆ လတာကာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီးနယ်မြေအချို့၊ မကွေးတိုင်းဒေသကြီး(မြောက်ပိုင်း) နယ်မြေအချို့၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ် နယ်မြေအချို့တို့မှာ နောက်ကွယ်က ကေအိုင်အေနဲ့ ကေအင်န်ယူ သောင်းကျန်းသူတွေရဲ့ လူအင်အားနဲ့ လက်နက်၊ ခဲယမ်းအပါအဝင် စစ်အသုံးအဆောင်ပစ္စည်းတွေကို ယခင်ကထက် ပိုမိုပါဝင်ကူညီမှုတွေကြောင့် တာဝန်ယူပြီးခဲ့တဲ့ ၁ နှစ်တာ သက်တမ်းကာလနဲ့ နှိုင်းယှဉ်ပါက အကြမ်းဖက်တိုက်ခိုက်မှုတွေ၊ ဖျက်ဆီးမှုတွေ ပိုမိုများပြားလာခဲ့တဲ့အတွက် တရားဥပဒေစိုးမိုးရေးကို အလေးထားပြီး မူလအခြေအနေအတိုင်း ပြန်လည်တည်ငြိမ်အေးချမ်းဖို့ ဆက်လက်ဆောင်ရွက်သွားဖို့ လိုအပ်လျက်ရှိပါတယ်"ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ (၁၈လပြည့်)တွင် ပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်မှုအပေါ် တရားမဝင်ကော်မတီ၊ စင်ပြိုင်အစိုးရ၊ အကြမ်းဖက်အဖွဲ့များဖွဲ့စည်းကာ နိုင်ငံအတွင်း လုံခြုံမှု တည်ငြိမ်အေးချမ်းမှုမရှိစေရေး နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့ အထိ တစ်နိုင်ငံလုံးတွင် လက်ပစ်ဗုံး/လက်လုပ်ဗုံး ပစ်ခတ်ခံရမှု၊ မိုင်းခွဲမှု ၇၂၄၆ ကြိမ်၊ တိုက်ခိုက်/သတ်ဖြတ်ခံရမှု ၆၅၆၇ ကြိမ်၊ မီးရှို့ခံရမှု ၁၀၉၄ ကြိမ် စုစုပေါင်း ၁၄၉၀၇ ကြိမ် ဖြစ်ပွားခဲ့သည်။ ထိုသို့ တိုက်ခိုက်မှုများကြောင့် ရဟန်း၊ သံဃာ၊ သီလရှင်များ၊ အစိုးရဝန်ထမ်းများ၊ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများ၊ ကလေးသူငယ်များအပါအဝင် အပြစ်မဲ့ပြည်သူ ၃၄၈၃ ဦး သေဆုံးခဲ့ပြီး ၃၀၆၅ ဦး ဒဏ်ရာရရှိကာ ၄၁ ဦး ပျောက်ဆုံးခဲ့သည်။

အဆိုပါ အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများကို စစ်ကိုင်းတိုင်းဒေသကြီးတွင် ၄၀၂၆ ကြိမ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၂၄၄၂ ကြိမ်၊ မန္တလေးတိုင်းဒေသကြီးတွင် ၂၁၉၄ ကြိမ်၊ မကွေးတိုင်းဒေသကြီးတွင် ၁၃၉၅ ကြိမ်ဖြင့် အများဆုံးဖြစ်ပွားခဲ့သည်။ ၁၈ လတာကာလအတွင်း မြန်မာနိုင်ငံအတွင်းသို့ သွင်းယူခဲ့ပြီး ဖမ်းဆီးရမိခဲ့သည့် လက်နက်၊ ခဲယမ်းများမှာ လက်နက်မျိုးစုံ ၆၃၁၁ လက်၊ ခဲယမ်းမျိုးစုံ ၃၃၅၁၈၄ တောင့်နှင့် လက်ပစ်ဗုံး/မိုင်း ၁၁၇၁၅ လုံး သိမ်းဆည်းရမိခဲ့ပြီး အကြမ်းဖက်သမား ၆၂၃၆ ဦးကို ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသည့် လက်နက်ခဲယမ်းအချို့သည် ကေအိုင်အေတို့ ထုတ်လုပ်သည့် လက်နက်များ၊ ကေအင်န်ယူလှုပ်ရှားရာ မြန်မာ-ထိုင်းနယ်စပ်ဒေသများနှင့် အခြားနည်းအမျိုးမျိုးဖြင့် ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။

အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်ခိုက်ဖျက်ဆီး သတ်ဖြတ်မှုများကြောင့် သေဆုံးဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့ပြည်သူများနှင့် မိသားစုဝင်များအတွက် များစွာစိတ်မကောင်းဖြစ်မိသည်။ ကိုယ်တိုင်ကြုံတွေ့ခံစားရသူများနှင့် ကြားသိကြရသော မြန်မာလူမျိုးများအနေဖြင့် စိတ်မကောင်းဖြစ်ကြသော်လည်း မြန်မာအချင်းချင်း အဖြစ်ဆိုးကြုံရသည်ကို ဝမ်းမြောက်ဝမ်းသာဖြစ်နေကြသည့် အမျိုးသားသစ္စာဖောက်များနှင့် လူသားချင်းစာနာထောက်ထားသည်ဆိုသည့် ပြည်ပနိုင်ငံအချို့က မသိသလိုနေကြသည်မှာ အံ့သြစရာဖြစ်သည်။ တိုင်းပြည်ပျက်စီးစေရန် ထိုမှုများပြားသောလက်နက်များဖြင့် ကြံစည်အားထုတ်ခဲ့သော်လည်း တပ်မတော်သည် တိုင်းပြည်ကို နိုင်ငံချစ်စိတ်ဖြင့် ကာကွယ်စောင့်ရှောက်နိုင်ခဲ့သည်။ အစဉ်အလာကောင်းသော တပ်မတော်သည် လွတ်လပ်ရေးရပြီးချိန်မှစ၍ ယနေ့အချိန်အထိ တိုင်းပြည်နှင့်လူမျိုးကို ကာကွယ်စောင့်ရှောက်လျက်ရှိသည်။

၁၈ လတာကာလအတွင်း အကြမ်းဖက်သောင်းကျန်းမှုများကို နှိမ်နင်းရာတွင် တရားဥပဒေစိုးမိုးရေးအတွက် အလွန်အရေးကြီးသည့် မြို့နယ်အချို့မှအပ ကျန်မြို့နယ်များကို စစ်အုပ်ချုပ်ရေးဖြင့် မကိုင်တွယ်ခဲ့ပေ။ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေး အာဏာသုံးရပ်ကို မည်သို့ပင် အပ်နှင်းထားသော်လည်း အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်၊ တည်ဆဲဥပဒေများနှင့်အညီသာ ကိုင်တွယ်ဆောင်ရွက်ခဲ့ခြင်းသည် နိုင်ငံတော်၊ နိုင်ငံသားနှင့် ပြဋ္ဌာန်းထားသော ဥပဒေကျင့်ဝတ်များကို အလေးထားစောင့်ထိန်းခြင်းဖြစ်သည်။ အပြစ်မဲ့ပြည်သူများအား ရက်စက်စွာ သတ်ဖြတ်မှုများကို ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်သောင်းကျန်းမှုများ အများဆုံးဖြစ်ပွားခဲ့သည့် ဒေသများအား မူလအခြေအနေအတိုင်း လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုရှိအောင် ဆောင်ရွက်သွားမည်ဟု ဝမ်းမြောက်ဖွယ်သိရပါကြောင်း ။ ။

## အသက် တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်



ညောင်လေးပင် ဩဂုတ် ၃

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ မြို့နယ်အတွင်းရှိ အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံတွင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ညောင်လေးပင်မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစောကလျာနှင့် ကျန်းမာရေးဝန်ထမ်းများက ကလေးငယ်များအား အသည်းရောင်အသားဝါ၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော (ရိုတာဗိုင်းရပ်ကာကွယ်ဆေး)၊ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးစသည်များကို အသက်အရွယ်အလိုက် သက်ဆိုင်ရာ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြသည်။ အဆိုပါကာကွယ်ဆေးထိုးခြင်းကို မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ကျန်းမာရေး ဝန်ထမ်းများက ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## နွေစပါးသီးနှံစိုက်ပျိုးသည့် တောင်သူများအား ယူရီးယားဓာတ်မြေဩဇာ ဖြန့်ဖြူးရောင်းချ




ညောင်လေးပင် ဩဂုတ် ၃

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ ၂၀၂၁-၂၀၂၂ ခုနှစ် နွေစပါးသီးနှံစိုက်ပျိုးသည့် တောင်သူများအား ယူရီးယားဓာတ်မြေဩဇာ ဖြန့်ဖြူးရောင်းချခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် စိုက်ပျိုးရေးရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေယံပိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် နွေစပါးနှင့်သီးနှံစိုက်ပျိုးတောင်သူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေယံပိုင်က အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်က ဓာတ်မြေဩဇာများအား အကျိုးရှိစွာသုံးစွဲရေးကို ရှင်းလင်းပြောကြားကာ ကျေးရွာ ၁၃ အုပ်စုရှိတောင်သူများအား ယူရီးယားဓာတ်မြေဩဇာ ကီလိုဂရမ် ၅၀ ရှိ ၂၆၉ ဒသမ ၂၉ အိတ်ကို ဖြန့်ဖြူးရောင်းချခဲ့ကြောင်း သိရသည်။ **ခင်မောင်လွင် (ညောင်လေးပင်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃-၈-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၂၀၀ | ၇,၁၀၀ | ၄၁၄ | ၂,၉၁၇,၆၀၀ |
| MTSH | ၂,၄၅၀ | ၂,၄၅၀ | ၂,၃၅၀ | ၅,၇၅၇,၅၀၀ |
| MCB | ၇,၀၀၀ | ၇,၀၀၀ | ၀ | ၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၃၁ | ၅၄၂,၅၀၀ |
| TMH | ၂,၃၅၀ | ၂,၃၅၀ | ၀ | ၀ |
| EFR | ၂,၄၅၀ | ၂,၄၅၀ | ၁ | ၂,၄၅၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၃

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၈၈၄.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၄.၀၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၁.၀၄၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၅.၀၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၄၁၀ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၈၃.၃ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၃၉.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၉၁.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၁.၁၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Sergey Lavrov အား လက်ခံတွေ့ဆုံစဉ်။

☆ ရှေ့ဖုံးမှ

ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေ၊ အမြဲတမ်းမိတ်ဆွေနိုင်ငံ အမြဲတမ်းမဟာမိတ်နိုင်ငံများအဖြစ် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေ၊ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည်အချုပ်အခြာအာဏာပိုင်နိုင်ငံများဖြစ်သည့်အတွက် မိမိတို့နိုင်ငံ၏ပြည်တွင်းရေးကို ပြည်ပစွက်ဖက်မှုများမပါဘဲ မိမိတို့အစိုးရများက စီမံဆောင်ရွက်နိုင်သည့် အခြေအနေ၊ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်သွားမည့် အခြေအနေ၊ နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်အရာရှိကြီးများ ချစ်ကြည်ရေးခရီး အပြန်အလှန် လည်ပတ်ရေး၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေး၊ ကုန်သွယ်မှုနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ၊ ခရီးသွားလုပ်ငန်းများ တိုးမြှင့်ရေး၊ ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ အရပ်ဘက်၊ စစ်ဘက်ပညာတော်သင်များ ထပ်မံစေလွှတ်ရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန်စေလွှတ်သွားမည့် အခြေအနေ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတကာနှင့်ဒေသတွင်း ဆက်ဆံရေးအခြေအနေများ။

**မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေ၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေမှုအခြေအနေ၊ နိုင်ငံတော်တွင် နိုင်ငံရေးအရတည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရတည်ငြိမ်အေးချမ်းမှုများ ရရှိချိန်တွင် ရှေ့လုပ်ငန်းစဉ်နှင့်အညီ ရွေးကောက်ပွဲပြန်လည်ကျင်းပ ဆောင်ရွက်ပေးသွားမည့် အခြေအနေ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေး**

၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲမစတင်မီကတည်းက အာဏာရပါတီအနေဖြင့် အသာစီးရရှိစေရေး နည်းပညာပိုင်းဆိုင်ရာနှင့် လူမှုဆက်ဆံရေးပိုင်းဆိုင်ရာတို့တွင် ကြိုတင်အခြေအနေ ဖန်တီးခဲ့သည့်ကိစ္စရပ်များ၊ ရွေးကောက်ပွဲအပြီး မဲမသမာမှုများစွာ ဖြစ်ပေါ်ခဲ့မှုကြောင့် တပ်မတော်မှဖြေရှင်းပေးရန် တောင်းဆိုခဲ့သော်လည်း ဖြေရှင်းပေးမှုမရှိသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ရမှုအခြေအနေ၊ ရွေးကောက်ပွဲ မဲမသမာမှုနှင့် ပတ်သက်၍ ဥပဒေအရ ဖြေရှင်းရန်ဆောင်ရွက်ပေးခဲ့သော်လည်း အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ခဲ့သည့် အခြေအနေ၊ အကြမ်းဖက်လုပ်ရပ်မှ တစ်ဆင့် မိုင်းထောင်ဖောက်ခွဲ၊ လုပ်ကြံသတ်ဖြတ်မှုများ ပြုလုပ်လာသူများအား တရားဥပဒေအရ ပြစ်ဒဏ်ချမှတ်ခဲ့မှုများ၊ မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေ၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေမှုအခြေအနေ၊ နိုင်ငံတော်တွင် နိုင်ငံရေးအရတည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရတည်ငြိမ်အေးချမ်းမှုများ ရရှိချိန်တွင် ရှေ့လုပ်ငန်းစဉ်နှင့်အညီ ရွေးကောက်ပွဲပြန်လည်ကျင်းပ ဆောင်ရွက်ပေးသွားမည့် အခြေအနေ၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး H.E. Mr. Igor Morgulov၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Dr. Nikolay Listopadov နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့၏ သံတမန်ဆက်ဆံရေးသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် (၇၅) နှစ်ပြည့်မြောက်တော့မည်ဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား စီးပွားရေးဆိုင်ရာကုန်သွယ်မှုကိစ္စရပ်များ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာကိစ္စရပ်များ၊ ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ပိုမိုမြှင့်တင်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် လာရောက်တွေ့ဆုံသည့် ရုရှားနိုင်ငံခြားရေးဝန်ကြီးသည် ၂၀၁၃ ခုနှစ်က မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုအရ ငြိမ်းချမ်းရေးဆွေးနွေးရန် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁) စဝ်ခေးတိုင်း ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် ဩဂုတ် ၃

တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေးတို့အတွက် ရည်ရွယ်၍ ဇူလိုင် ၂၂ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ရာ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ ဒုတိယဥက္ကဋ္ဌ (၁) စဝ်ခေးတိုင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

အဆိုပါ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ Horizon Lake View Resort သို့ ရောက်ရှိကြရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်နှင့်တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကိုလိုလားသည့် ဒေသခံပြည်သူများက **"ထာဝရငြိမ်းချမ်းရေးကိုရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေး ရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေ စည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ် အေးချမ်းရ"** စသည့် စာသားပါဆိုင်းဘုတ်များကိုင်ဆောင်၍ လည်းကောင်း၊ နိုင်ငံတော် အလံငယ်များကို ကိုင်ဆောင်၍လည်းကောင်း ကြိုဆိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# မြန်မာ-ရုရှားနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆွေးနွေးပွဲ ကျင်းပ



မြန်မာ-ရုရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆွေးနွေးပွဲ ကျင်းပစဉ်။

နေပြည်တော် ဩဂုတ် ၃

မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ် လာရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sergey Lavrov သည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော်လေဆိပ်၌ ကြိုဆိုကြသည်။

**ဆွေးနွေး**

အဆိုပါ အလုပ်သဘောခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sergey Lavrov သည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးသန့်တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန်ယုံကြည်နားလည်မှုများကို အခြေခံလျက် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာ-ရုရှားနှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနများအကြား ဆွေးနွေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့က ဦးဆောင်ကျင်းပရာ နှစ်ဖက်နိုင်ငံခြားရေးဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**ပံ့ပိုးကူညီမှုများအတွက်ကျေးဇူးတင်**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ မိတ်ဆွေရင်းချာနိုင်ငံဖြစ်သည့် ရုရှားနိုင်ငံအနေဖြင့် မြန်မာအရေးနှင့်ပတ်သက်၍ နှစ်နိုင်ငံချင်းသာမက နိုင်ငံတကာမျက်နှာစာတွင် အစဉ်တစိုက် ပံ့ပိုးကူညီမှုများအတွက် ကျေးဇူးတင်ရှိကြောင်း၊ မြန်မာအစိုးရ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များ၌ အထောက်အကူပြုနိုင်ရန် ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်းက ကိုဗစ်-၁၉ ကာကွယ်ဆေး လှူဒါန်းခဲ့မှုများနှင့် ယခုခရီးစဉ်အတွင်း မျောက်ကျောက်ရောဂါစစ်ဆေးသည့် Test Kits လှူဒါန်းမှုများအတွက်လည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

**အမြင်ချင်းဖလှယ်**

ထို့ပြင် ဆွေးနွေးပွဲ၌ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများက မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များ၊ အထူးသဖြင့် နှစ်ဖက်အစိုးရ အဖွဲ့အစည်းများ၊ တပ်မတော်များနှင့် ပြည်သူများအကြား ဆက်ဆံရေးတိုးမြှင့်ရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသည့် အာဆီယံ၊ အာရှ-ဥရောပဆွေးနွေးပွဲ (အေဆမ်)၊ ဥရောပ -အာရှစီးပွားရေးသမဂ္ဂ (EAEU)နှင့်ကုလသမဂ္ဂတို့တွင် ဆက်လက်၍ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးကြပြီး သက်ဆိုင်ရာနိုင်ငံများ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာအကျိုးတူ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် မြန်မာ-ရုရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲအစီအစဉ် (၂၀၂၂-၂၀၂၄)ကို ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sergey Lavrov တို့က လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

အဆိုပါ အစီအစဉ်သည် မြန်မာနှင့် ရုရှား နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား နှစ်နိုင်ငံ၊ ဒေသတွင်းနှင့်နိုင်ငံတကာကိစ္စရပ်များတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်တစ်ရပ်ဖြစ်ပြီး ၁၉၉၉ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

**တည်ခင်းဧည့်ခံ**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားနိုင်ငံခြားရေးဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ အလုပ်သဘော နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sergey Lavrov သည် နေပြည်တော်မှ ပြန်လည်ထွက်ခွာရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော် လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

သတင်းစဉ်




ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sergey Lavrov တို့က မြန်မာ-ရုရှားနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲအစီအစဉ် (၂၀၂၂-၂၀၂၄)ကို လက်မှတ်ရေးထိုး လဲလှယ်ကြစဉ်။



မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ်အဖြစ်လာရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sergey Lavrov အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော်လေဆိပ်၌ ကြိုဆိုကြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ရုရှားနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sergey Lavrov နှင့် ကိုယ်စားလှယ်အဖွဲ့အား အလုပ်သဘော နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။

# ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၃

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုးနှင့် ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကရင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ပထမဆုရရှိသည့် ကရင်ပြည်နယ်အသင်းအား အမျိုးသားတံခွန်စိုက်ဒိုင်းကို ပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက အကောင်းဆုံးဂိုးသမားဆုရ သန်းရွှေဌေး (ကရင်ပြည်နယ်အသင်း) ကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုးက အကောင်းဆုံးနောက်တန်းကစားသမားဆုရ ရဲထက်နိုင် (မန္တလေးတိုင်းဒေသကြီးအသင်း) နှင့် အကောင်းဆုံးအလယ်တန်းကစားသမားဆုရ ကောင်းထက်ပိုင် (မွန်ပြည်နယ်အသင်း) တို့ကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် စောဒန်နီယယ်က အကောင်းဆုံးရှေ့တန်းကစားသမားဆုရ စီးရဖိုး (ကရင်ပြည်နယ်အသင်း) နှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုရ ထွန်းထွန်းနိုင် (ကချင်ပြည်နယ်အသင်း) တို့ကို လည်းကောင်း တစ်ဦးချင်း အကောင်းဆုံးဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်က စတုတ္ထဆုရရှိသည့် ကချင်ပြည်နယ်အသင်းအား ငွေသားဆုကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးမောင်းဟာက တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် Jeng Phang နော်တောင်က ဒုတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆုကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က ပထမဆုရရှိသည့် ကရင်ပြည်နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ပထမဆုရရှိသည့် ကရင်ပြည်နယ်အသင်းအား အမျိုးသားတံခွန်စိုက်ဒိုင်းကို ပေးအပ်ချီးမြှင့်သည်။

၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၃ ရက်အထိ ပြိုင်ပွဲဝင်အသင်းပေါင်း ၁၄ သင်းမှ အားကစားသမားစုစုပေါင်း ၃၂၅ ဦး ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ ဆောက်လုပ်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၃

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက ဦးဆောင်၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် အေးသာယာမြို့၌ တည်ဆောက်မည့် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ ဆောက်လုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တင်ဒါကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပထမဦးစွာ ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် တည်ဆောက်မည်ဖြစ်သည့်အတွက် နိုင်ငံတကာအရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အဆိုပါစင်တာတွင် သက်မွေးပညာ ကာလတိုသင်တန်းများကို ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ပြီး တိုင်းရင်းသားများ အချင်းချင်း တွေ့ဆုံနှီးနှောဖလှယ်နိုင်သည့်နေရာ၊ အစည်းအဝေးများ၊ အခမ်းအနားများ ကျင်းပနိုင်သည့်နေရာ (Community Center) အဖြစ် ရည်ရွယ်ထားကြောင်း၊ တင်ဒါကော်မတီတွင် ဆောက်လုပ်ရေးလုပ်ငန်း အတွေ့အကြုံရှိသည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ ပါဝင်သည့်အတွက် တည်ဆောက်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို စံချိန်စံညွှန်း သတ်မှတ်ခြင်းနှင့် အမှတ်ပေးပုံစံများပြုစုခြင်းဆိုင်ရာ နည်းလမ်းကောင်းများ ဆွေးနွေးရရှိမည်ဟု ယုံကြည်ကြောင်း၊ ဘက်ပေါင်းစုံမှ ဝိုင်းဝန်းအကြံပြုဆွေးနွေးပါက ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာကို အရည်အသွေးပြည့်ဝစွာဖြင့် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးက ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာအတွက် မြေနေရာရရှိရေး၊ ဂရန်ရရှိရေး ဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စင်တာတည်ဆောက်ရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်ကြသူများက အကြံပြုဆွေးနွေးတင်ပြကြပြီး တည်ဆောက်ရေး တင်ဒါဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သာကေတမြို့နယ် သမဝါယမအသင်းစုလီမိတက်က အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အစုပေါ်အမြတ်ငွေများ ထုတ်ပေး

သာကေတ ဩဂုတ် ၃

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၁-၄-၂၀၁၉ မှ ၃၀-၉-၂၀၁၉ Mini Budget၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်နှင့် ၁-၁၀-၂၀၂၁ မှ ၃၁-၃-၂၀၂၂ ထိ Mini Budget တို့အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အဆိုပါအသင်းစုရုံးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးတွင် အသင်းဝင်အသင်း ၅၆ သင်း၏ အစုပေါင်း ၁၅၀ အတွက် တစ်စုလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် အစုပေါ်အမြတ်ငွေကျပ် ၇၅ သိန်း ထုတ်ပေးခြင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော အမှုဆောင်များ၏ သားသမီးများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံအကျိုးပြုပညာရေးဆီသို့ . . .

ပါမောက္ခမောင်လွင်


(ယမန်နေ့မှအဆက်)

ပြောင်းလဲချိန်တန်သော ဤကာလတွင် နိုင်ငံတော်အကျိုးပြု ပညာရေး သို့မဟုတ် ကောင်းမွန်ပြည့်စုံသောပညာရေးကို တည်ဆောက်ရန်မှာ အလွတ်ကျက်မှတ်သောပညာရေးထက် တစ်ဆင့်တက်၍ တွေးခေါ်မြော်မြင်သောပညာရေး၊ အလွတ်ကျက်မှတ်သော စာသင်ခန်းများမှတစ်ဆင့်တက်၍ တွေးခေါ်မြော်မြင်နိုင်သော သင်ယူသူများ၊ တစ်နည်းအားဖြင့် တိုင်းပြည်လိုအပ်ချက်များ တီထွင်သုံးသပ်နိုင်သည့် သင်ယူသူများ ထွက်ပေါ်လာနိုင်မည့် စာသင်ခန်းများသို့ ပြောင်းလဲကြရမည်ဖြစ်သည်။ ထိုသို့ ဖြစ်ပေါ်စေရန် လိုအပ်ချက်များ ရှိပေသည်။ ၎င်းတို့မှာ (၁) ကောင်းမွန်သော ပညာရေးမူဝါဒရှိရမည်၊ (၂) မူဝါဒကို အကောင်အထည်ဖော်ရန် အရည်အချင်းပြည့်ဝသော ခေါင်းဆောင်ပိုင်းရှိရမည်၊ (၃)အရည်အချင်းပြည့်ဝသော ဆရာများရှိပြီး သင်ယူသူတို့ကလည်း သင်ယူလေ့လာမှုအပေါ်တွင်အသုံးချနိုင်မှု၊ အတွေးအခေါ်မြော်မြင်နိုင်မှုနှင့် မှန်ကန်စွာအကဲဖြတ်နိုင်မှုတို့ ရှိရပေမည်။ သို့မှသာ နိုင်ငံသားတစ်ဦးစီကို အသိပညာ၊ အတတ်ပညာ ပြည့်စုံရုံသာမက ကြောင်းကျိုးဝေဖန်နိုင်သော၊ ဆင်ခြင်တုံတရား၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာနှင့် လူသားကောင်းများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်မည်ဖြစ်သည်။

### ပညာရေးမူဝါဒရေးဆွဲရာတွင်

နိုင်ငံတော်၏ ပညာရေးမူဝါဒရေးဆွဲရာတွင် နိုင်ငံတော်၏ ကွဲပြားခြားနားသော လူနေမှုစရိုက်၊ လူနေမှုအဆင့်အတန်းနှင့် နိုင်ငံတော်၏ ကျင့်သုံးနေသော အုပ်ချုပ်မှုဝါဒကို ထည့်သွင်းစဉ်းစားရန် အထူးလိုအပ်ပေသည်။ အမေရိကန်၏ ပညာရေးမူဝါဒသည် အမေရိကန်လူမျိုးများ၏ အောင်မြင်သောပညာရေးကို ဖြစ်စေသော်လည်း မြန်မာလူမျိုးတို့အတွက်အောင်မြင်သောပညာရေးဖြစ်စေမည်ဟု တစ်ထစ်ချမပြောနိုင်ချေ။ အဓိကအားဖြင့် ပညာရေးမူဝါဒကို ရေးဆွဲရာတွင် အဓိကစဉ်းစားရမည့်အချက်မှာ တိုင်းပြည်လူမျိုးစု အမျိုးအစားအလိုက် အခြေအနေ၊ နေရာဒေသအလိုက် ဖွံ့ဖြိုးမှုအခြေအနေနှင့် လက်ရှိပညာရေးအခြေအနေကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

ဂျပန်နိုင်ငံ၏ပညာရေးစနစ်ကို လေ့လာရာတွင် မူလတန်းအဆင့်ကျောင်းသား ၁၀၀ ကျောင်းတက်ရာတွင် ဘွဲ့ရပညာတတ် ၁၀၀ ရရှိစေရေးထက် အထက်တန်းအဆင့်ကျော်လွန်ပြီးမှ အဆင့်တစ်ဆင့်ပြီးဆုံးသည်နှင့် လုပ်ငန်းခွင်သို့ဝင်နိုင်ရန် ရည်ရွယ်ထားသည်ကို တွေ့ရှိရပါသည်။ ဂျပန်နိုင်ငံ၏ ပညာရေးမူဝါဒဇယားတွင် အသက် (၃) နှစ်မှ (၁၁) နှစ်ကို လူတိုင်း တန်းတူအခွင့်အရေး သင်ကြားမှုရှိသော်လည်း အလယ်တန်းအဆင့် ကျောင်းသားဝင်ခွင့် ဖြေဆိုအောင်မြင်ပြီးသည်နှင့် လုပ်ငန်းခွင်သို့ တိုက်ရိုက်ဝင်ရောက်နိုင်သောပညာရေးနှင့် တက္ကသိုလ်သို့ မျှော်မှန်းသောပညာရေးဟူ၍ နှစ်ဆင့်ခွဲခြားထားသည်ကို တွေ့ရပေသည်။ (ပုံ ၂) ထိုနည်းတူ တက္ကသိုလ်ဝင်ခွင့် အောင်မြင်ပြီးသူများကိုလည်း 2nd year Programme၊ 4th year Programme နှင့် 6th year Programme ဟူ၍ အဆင့်ခွဲထားပြီး အဆင့်တစ်ခုပြီးသည်နှင့် လုပ်ငန်းခွင်သို့ ဝင်ရောက်နိုင်ရန် စီမံထားသည်ကို တွေ့ရပေသည်။ ထို့ကြောင့် ဂျပန်နိုင်ငံ၏ပညာရေးကိုလေ့လာရာတွင် လူငယ်အများစုမှာ Collage of Technology များမှ Associate’s Degree များရရှိပြီး တိုင်းပြည်၏ လိုအပ်ချက် လုပ်ငန်းခွင်များသို့ ဝင်ရောက်ကာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်လုပ်နိုင်ပြီဖြစ်ပေသည်။




Source: OECD (2012-13), "Japan: Overview of the education system", OECD Education GPS, http://gpseducation.oecd.org/Content/MapOfEducationSystem/JPN/JPN_1997_EN.pdf.

EDUCATION POLICY OUTLOOK: JAPAN © OECD 2015

ပုံ(၂) ဂျပန်နိုင်ငံ၏ ယေဘုယျပညာရေးမူဝါဒပြပုံ

ထိုနည်းတူ တက္ကသိုလ်ဝင်ခွင့် အောင်မြင်ပြီးသူများမှာလည်း ပညာသင်ကြားနိုင်ရန် အရည်အချင်းပေါ်တွင်မူတည်ပြီး အဆင့်ဆင့်ခွဲခြားထားသည်ကို တွေ့ရပေသည်။ အထူးသဖြင့် ကျောင်းပြီးဆုံးအောင်မတက်ရောက်နိုင်သည့် ကျောင်းသားများအတွက် ကောင်းမွန်သည့် အသက်မွေးမှုပညာများကို လေ့လာသင်ယူနိုင်အောင် စီမံမှုများပြုလုပ်ထားပေသည်။ ထိုအချက်သည် တိုင်းပြည်တွင် အုပ်ချုပ်သူလူတန်းစား၊ ထပ်ဆင့်ကြီးကြပ်သူ လူတန်းစား၊ အလုပ်သမားအဆင့်စသည်ဖြင့် လူတန်းစားမျိုးစုံ လိုအပ်မှုကို တိုက်ရိုက်ထောက်ပံ့ရာရောက်ပါသည်။ တစ်နည်းအားဖြင့် တိုင်းပြည်လုပ်သားထု၊ ပညာရှင်၊ အုပ်ချုပ်မှု လူတန်းစားလိုအပ်မှုအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာရောက်ပါသည်။ ကောင်းမွန်သည့်ပညာရေးမူဝါဒပင် ဖြစ်ပေသည်။ ထို့ကြောင့် မိမိတို့ပညာရေးသည် တစ်ဆင့်ပြီးတိုင်းပြီးတိုင်း ထိုပညာဖြင့် လူ့လောကကို အကျိုးပြုနိုင်သော ပညာရေးမူဝါဒ ချမှတ်နိုင်ရန် အထူးလိုအပ်ပေသည်။

### တိုင်းပြည်အကျိုးပြု လူ့အရင်းအမြစ်များ ပေါ်ပေါက်လာနိုင်မည်

မြန်မာနိုင်ငံ၏ အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍတွင် ကျောင်းပြီးဆုံးအောင် သင်ကြားနိုင်မှုမရှိသော ကျောင်းသားများ (Drop-out) အတွက် မိမိထွက်သွားရသော အတန်းနယ်ပယ်တစ်ခုချင်းစီမှ ပညာရေးဆိုင်ရာ အသိအမှတ်ပြုအောင်လက်မှတ်တစ်ခု ပေးနိုင်ရန် စီမံသင့်ပါသည်။ သို့မှသာ Drop-out ဖြစ်သွားသည့် ကျောင်းသားများအတွက် အသက်မွေးဝမ်းကျောင်းပညာများကို မိမိပြီးဆုံးသည့် အတန်းမှရရှိသော အောင်လက်မှတ်ဖြင့် မည်သည့်နေရာတွင်မဆို ပညာဆက်လက်သင်ကြားနိုင်ပြီး မိမိဘဝအတွက် ရပ်တည်နိုင်ရန်၊ တစ်နည်းအားဖြင့် တိုင်းပြည်တည်ဆောက်ရေးအတွက် အခြေခံကျသော အသုံးချဘာသာရပ်များ သင်ကြားနိုင်ရန် စီမံပေးမှသာ တိုင်းပြည်အကျိုးပြု လူ့အရင်းအမြစ်များ ပေါ်ပေါက်လာနိုင်မည်ဖြစ်ပါသည်။

ပညာရေးမူဝါဒကို စဉ်းစားရာတွင် သင်ကြားရေးဘာသာစကားသည်လည်း အဓိကကျသော အချက်တစ်ချက်ဖြစ်ပေသည်။ မြန်မာနိုင်ငံ၏ ပညာရေးတွင် သင်ယူသူအများစု အသိပညာရရှိမှုအဆင့်နှင့် နားလည်သဘောပေါက်မှုအဆင့်များကို ကျေညက်စွာမကျော်လွှားနိုင်ခြင်း၏ အဓိကအချက်မှာ ဘာသာစကားအခက်အခဲပင်ဖြစ်သည်။ ဥရောပနိုင်ငံများ၏ ပညာရေးသင်ယူမှု၊ သင်ကြားမှုကိုလေ့လာရာတွင် ဘွဲ့ကြိုတန်းမှ မဟာသိပ္ပံတန်းအထိ မိခင်ဘာသာစကားဖြင့် သုံးနှုန်းသင်ကြားကြသည်ကို တွေ့ရှိရပေသည်။ စပိန်နိုင်ငံ ပညာရေးသင်ကြားမှုသည် စပိန်ဘာသာစကားပင်ဖြစ်သည်။ ထိုနည်းတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ပညာရေးသင်ကြားမှုသည်လည်း တရုတ်ဘာသာစကားပင်ဖြစ်ပေသည်။ ထိုသို့မိခင်ဘာသာစကားဖြင့် သင်ကြားသဖြင့် ၎င်းနိုင်ငံများ၏ပညာရေးသည် အောင်မြင်သော ပညာရေးသို့ရောက်ရှိပြီး နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အထောက်အကူပြုကာ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများအဖြစ် ကမ္ဘာ့အလယ်တွင် ရပ်တည်လျက်ရှိပါသည်။

### အင်္ဂလိပ်ဘာသာစကားဖြင့် သင်ကြားမှု ထိရောက်မှုကို ဆန်းစစ်သင့်

မိမိတို့နိုင်ငံတွင် အထက်တန်းပညာရေးမှသည်ဘွဲ့ကြို၊ ဘွဲ့လွန်အထိ အင်္ဂလိပ်ဘာသာစကားဖြင့် သင်ကြားကြသည်။ သင်ယူရသည်။ မြန်မာ့ပညာရေးတွင် အင်္ဂလိပ်ဘာသာစကားဖြင့် သင်ကြားသဖြင့် သင်ကြားနေသည့် ဘာသာရပ်၏အဓိကအကြောင်းအရာ လေ့လာသင်ယူရေးထက် မြန်မာဘာသာပြန်မှုကိုသာ သင်ယူသူတို့ မှတ်သားနေကြသည်ကို တွေ့ရသည်။ ထို့အတွက် ဘာသာရပ်သဘောတရားကို ကျွမ်းကျင်စွာတတ်မြောက်ခြင်းမရှိတော့ဘဲ အသုံးပြုမှုအဆင့်၊ ခွဲခြမ်းစိတ်ဖြာလေ့လာမှုအဆင့်၊ ပေါင်းစပ်ကြည့်ရှုခြင်းအဆင့်နှင့် တန်ဖိုးဖြတ်ခြင်းအဆင့်များသို့ တက်လှမ်းရန် ဝေးကွာသွားသည်။ အင်္ဂလိပ်ဘာသာစကားဖြင့် သင်ကြားမှု ထိရောက်မှုကို ဆန်းစစ်သင့်သည်။ မြန်မာဘာသာစကားဖြင့် သင်ကြားကာ ဘာသာပြန်ဌာနကို ဖွံ့ဖြိုးတိုးတက်အောင် ပြုပြင်ပြောင်းလဲပေးမည်ဆိုပါက ပညာရေးသည် အသုံးချအကျိုးပြုပညာရေးအဖြစ် တိုးတက်ပြောင်းလဲလာမည်ဖြစ်ပေသည်။

မိမိတို့နိုင်ငံတွင် အထက်တန်းပညာရေးမှသည်ဘွဲ့ကြို၊ ဘွဲ့လွန်အထိ အင်္ဂလိပ်ဘာသာစကားဖြင့် သင်ကြားကြသည်။ သင်ယူရသည်။ မြန်မာ့ပညာရေးတွင် အင်္ဂလိပ်ဘာသာစကားဖြင့် သင်ကြားသဖြင့် သင်ကြားနေသည့် ဘာသာရပ်၏အဓိကအကြောင်းအရာ လေ့လာသင်ယူရေးထက် မြန်မာဘာသာပြန်မှုကိုသာ သင်ယူသူတို့ မှတ်သားနေကြသည်ကို တွေ့ရသည်။ ထို့အတွက် ဘာသာရပ်သဘောတရားကို ကျွမ်းကျင်စွာတတ်မြောက်ခြင်းမရှိတော့ဘဲ အသုံးပြုမှုအဆင့်၊ ခွဲခြမ်းစိတ်ဖြာလေ့လာမှုအဆင့်၊ ပေါင်းစပ်ကြည့်ရှုခြင်းအဆင့်နှင့် တန်ဖိုးဖြတ်ခြင်းအဆင့်များသို့ တက်လှမ်းရန် ဝေးကွာသွားသည်။ မြန်မာဘာသာစကားဖြင့် သင်ကြားကာ ဘာသာပြန်ဌာနကို ဖွံ့ဖြိုးတိုးတက်အောင် ပြုပြင်ပြောင်းလဲပေးမည်ဆိုပါက ပညာရေးသည် အသုံးချအကျိုးပြုပညာရေးအဖြစ် တိုးတက်ပြောင်းလဲလာမည်

နိုင်ငံအတွက် ပြီးပြည့်စုံမည့်ပညာရေးကို အကောင်အထည်ဖော်ရာတွင် မူဝါဒကောင်းနေရုံဖြင့်မရပါ။ အဓိက ထိုမူဝါဒကို အကောင်အထည်ဖော်မည့် အရည်အချင်းပြည့်ဝသော လူသားစွမ်းအင်အရင်းအမြစ်များ အထူးလိုအပ်ပါသည်။ အထူးသဖြင့် အဆင့်မြင့်ပညာရေးတွင် လက်တွေ့အကောင်အထည်ဖော်နေသော ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၏ အရည်အချင်းသည် လွန်စွာမှအရေးကြီးသောအခန်းကဏ္ဍဖြစ်သည်။ ထိုနည်းတူ အခြေခံပညာရေးတွင်လည်း ကျောင်းအုပ်ကြီးများ၏ အရည်အချင်း၊ အရည်အသွေးသည် လွန်စွာမှ အရေးကြီးပါသည်။ တက္ကသိုလ်၊ ကောလိပ်ကျောင်းများ၏ အောင်မြင်မှုသည် ၎င်းကျောင်းကိုအုပ်ချုပ်နေသော ဆရာကြီး ဆရာမကြီးများ၏ အရည်အချင်းပြည့်ဝမှုပေါ်တွင် မှီခိုနေပါသည်။

စင်ကာပူနိုင်ငံ၏ အောင်မြင်သောပညာရေး၏ အဓိကအချက်မှာ လေ့ကျင့်မှုအရည်အသွေးပြည့်ဝသော ဆရာများရှိခြင်းကြောင့်ဟု ဆိုပါသည်။ မိမိတို့နိုင်ငံတွင်လည်း အရည်အချင်းပြည့်ဝသော ဆရာ ဆရာမများ မွေးထုတ်ပေးရန် အထူးလိုအပ်ပါသည်။ အထူးသဖြင့် ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ခန့်ထားသော ဆရာ ဆရာမအများစုသည်အခြေခံအင်္ဂလိပ်စာနှင့် နည်းပညာပိုင်းတွင် ထူးချွန်ကြသည်ကို တွေ့ရှိရသည်။ အထူးသဖြင့် မိမိဝင်ရောက်နေသည့် လုပ်ငန်းအပေါ်တွင် ကြိုးစားလိုစိတ်ရှိကြသည်။ သင်ကြားရေးလုပ်ငန်းများပေါ်တွင် တက်တက်ကြွကြွဆောင်ရွက်သည်ကို သတိပြုမိသည်။ ၎င်းလူငယ်မျိုးဆက်သစ်များကို နည်းမှန်လမ်းမှန်ဖြင့် ပြုစုပျိုးထောင်ပေးမည်ဆိုပါက ပညာရေးအဆောက်အအုံ၏ ဒေါက်တိုင်တစ်ခုဖြစ်လာမည်မှာ မလွဲကေန်ပင်ဖြစ်သည်။

ကိုဗစ်-၁၉ အလွန်ကာလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာဦးစီးဌာနအောက်ရှိ မူလတန်းကျောင်းများ၊ အလယ်တန်းကျောင်းများနှင့် အထက်တန်းကျောင်းများကို စာမျက်နှာ ၇ သို့ ■

# ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၂) ကျင်းပ



**နေပြည်တော် ဩဂုတ် ၃**

ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၂) ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်နယ်အဆင့်ကော်မတီဝင်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ထိရောက်မြန်ဆန်စွာ ဆောင်ရွက်လျက်ရှိ**

ဦးစွာ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ဥက္ကဋ္ဌက အမျိုးသားအဆင့်ကော်မတီ အနေဖြင့် ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်များနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေး လုပ်ငန်းစဉ်များကို ဝန်ကြီးဌာနအဆင့် လုပ်ငန်းကော်မတီ (၅) ရပ်အပြင် ပြည်နယ်အဆင့်ကော်မတီများ ဖွဲ့စည်း၍ ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ကချင်ပြည်နယ်တွင် ကူညီလှူဒါန်းငွေများဖြင့် မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်တို့တွင် တိုက်ပွဲရှောင်များ ပြန်လည်နေရာချထားရေးအတွက် နေအိမ် ၈၈ လုံး ဆောက်လုပ်ပြီး ၂၅ လုံး ပြုပြင်ပေးခဲ့ကြောင်း၊ မြစ်ကြီးနား၊ မိုးမောက်၊ မန်စီ၊ ပူတာအိုနှင့် ချီဖွေမြို့များတွင် စုစုပေါင်း နေအိမ် ၅၉၅ လုံး ဆောက်လုပ်ပြီးစီးခဲ့ကြောင်း၊ ကရင်ပြည်နယ် လှိုင်းဘွဲ့နှင့် မြိုင်ကြီးငူဒေသရှိ စခန်း နှစ်ခု ပိတ်သိမ်းပြီး အိမ်ထောင်စု ၄၆၃ စုကို ပြန်လည်နေရာချထားပေးနိုင်ခဲ့ကြောင်း၊ ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် အိမ်ထောင်စု၈၉၁ စု အတွက် ငွေကျပ် ၄၁၈ သန်းကျော် ထောက်ပံ့၍ နေရပ်သို့ ပြန်လည်ပို့ဆောင်လျက်ရှိပြီး ထပ်မံ၍ အိမ်ထောင်စု ၅၀၀ အတွက် ငွေကျပ် ၂၃၆ သန်းကျော် ထောက်ပံ့ပြီး ပြန်လည်ပို့ဆောင်ရန် စီစဉ်ထားရှိကြောင်း၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် လက္ကာကျေးရွာမှ အိမ်ထောင်စု ၃၂၃ စု၊ မင်းပြားမြို့နယ် ဖားပြို(ရခိုင်) ကျေးရွာမှ အိမ်ထောင်စု ၈၂ စု၊ ကျောက်ဖြူမြို့နယ် ကျောက်တစ်လုံးစခန်းမှ အိမ်ထောင်စု ၃၆၈ စု တို့ကို နေအိမ်များ ပြန်လည်တည်ဆောက်/ပြုပြင်၍ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ ကျေးရွာအဝင်လမ်းပြုပြင်ခြင်း၊ ဘုန်းတော်ကြီးကျောင်း၊ ဆေးပေးခန်းနှင့် စာသင်ကျောင်းများ ဆောက်လုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း။

ရှမ်းပြည်နယ် နမ္မတူမြို့နယ် ပင်လုံနှင့် ချောင်းဆာကျေးရွာအုပ်စုတို့မှ မီးလောင်ပျက်စီးသောနေအိမ် ၁၂၇ လုံး အတွက် သတ်မှတ်နှုန်းထားများအလိုက် ထောက်ပံ့ငွေများပေးအပ်ခဲ့ပြီး မန်တုံမြို့နယ် မြို့မရပ်ကွက်ရှိ စခန်း နှစ်ခုအတွက် တန်ဖိုးနည်းနေအိမ် ၅၇ လုံး တည်ဆောက်ရန် မြေနေရာများဖော်ထုတ်ခြင်း၊ နေအိမ်ဆောက်လုပ်ခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်း၊ သောက်သုံးရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း။

**နေရာချထားပေးနိုင်ခဲ့**

၂၀၂၀ ခုနှစ် မတ်လမှ ၂၀၂၂ ခုနှစ် ဇွန်လကုန်အထိ တစ်နှစ်နှင့် သုံးလတာကာလအတွင်း အိမ်ထောင်စု ၈၈၆၂ စု၊ လူဦးရေ ၄၀၉၀၃ ဦးတို့ကို မူလနေရာများသို့ ပြန်လည်ပို့ဆောင်နေရာချထားပေးနိုင်ခဲ့ကြောင်း၊ ပြည်နယ်အဆင့်ကော်မတီများအနေဖြင့် IDP နှင့် တိုက်ပွဲရှောင်စခန်းများတွင် လိုအပ်သည့် ကွပ်ကဲကြပ်မတ်မှုများ ဆောင်ရွက်နိုင်ရေးအတွက် စခန်းအလိုက် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

လာမည့်ပွင့်လင်းရာသီတွင် IDP နှင့် တိုက်ပွဲရှောင်များကို မူလနေရပ်ပြန်လည်ပို့ဆောင်နိုင်ရေး အားသွန်ခွန်စိုက် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ယခုအစည်းအဝေးတွင် ဆွေးနွေး ဆုံးဖြတ်ချက်များကို လုပ်ငန်းကော်မတီ အသီးသီးနှင့်ပါဝင်ကြသည့် ဝန်ကြီးဌာနများအနေဖြင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ပြည်တွင်းနေရပ်စွန့်ခွာသူများအား မူလနေရပ်ဒေသများသို့ ပြန်လည်ပို့ဆောင်နေရာချထားနိုင်ရန်အတွက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ချမှတ်ထားသည့် မူဝါဒများ၊ အမျိုးသားအဆင့် မဟာဗျူဟာများ၊ နိုင်ငံတကာ စံနှုန်းများနှင့်အညီ ဆောင်ရွက်ရန်၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုများကို စနစ်တကျ စီမံခန့်ခွဲအသုံးပြုရန်၊ လုပ်ငန်းကော်မတီများ၊ ပြည်နယ်အဆင့်ကော်မတီများအားလုံး အချိတ်အဆက်မိမိနှင့် ဟန်ချက်ညီညီ ထိရောက်ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားအဆင့်ကော်မတီဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က နေရပ်စွန့်ခွာသူများအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးနေမှုအခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးမှုအခြေအနေ၊ IDP Camp များနှင့် တိုက်ပွဲရှောင်စခန်းများတွင် အချက်အလက် ကောက်ယူခြင်းနှင့် လူမှုရေးဆိုင်ရာ ပံ့ပိုးမှုအခြေအနေ၊ ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် လတ်တလော ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ၊ နေရပ်စွန့်ခွာသူများနှင့် ဘေးသင့်ပြည်သူများအတွက် လတ်တလော လိုအပ်သည်များကို ထောက်ပံ့ကူညီပေးမှု အခြေအနေများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့်ကော်မတီ အတွင်းရေးမှူး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုင်းထွန်းညိုက အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ လုပ်ငန်းကော်မတီများနှင့် ပြည်နယ်အဆင့်ကော်မတီများအနေဖြင့် (၁/၂၀၂၂) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသားအဆင့်ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ပြည်နယ်အဆင့်ကော်မတီများမှ တာဝန်ရှိသူတို့က ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးကြပြီး အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က အကြံပြုဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

■ စာမျက်နှာ ၆ မှ

ပုံမှန်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ စာမေးပွဲများကိုလည်း အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များတွင် ဘွဲ့ကြိုတန်းများမှ ဘွဲ့လွန်တန်းများအထိ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ထိုသို့သာမက တက္ကသိုလ်အဆင့်များတွင် အသုံးချဘာသာရပ်များကို သင်ကြားနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည်။ တာဝန်ရှိသူများမှ လမ်းညွှန်ပေးမှုဖြင့် မြန်မာနိုင်ငံ၏ပညာရေးသည် ကိုဗစ်-၁၉ အလွန်ကာလတွင် ပုံမှန်လည်ပတ်လျက်ရှိနေပါသည်။ အထူးသဖြင့် နိုင်ငံတော်အကြီးအကဲအနေဖြင့် ပညာရေးကဏ္ဍကို အထူးအားပေးလျက်ရှိသည်ကို ၎င်း၏မိန့်ခွန်းများတွင် တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက်ပညာရေးသည် မတည်ငြိမ်သောပညာရေးစနစ်များနှင့် အနည်းနှင့်အများ အဆောက်အအုံဆောက်လုပ်ရေး၊ အဆောက်အအုံပြင်ဆင်ရေးဖြင့်၊ တစ်နည်းအားဖြင့် အခြေခံအဆောက်အအုံဖြင့်သာ အချိန်ကုန်ဆုံးနေသည်။ လူ့စွမ်းအားအရင်းအမြစ်ပေါ်တွင် စိုက်ထုတ်ရင်းနှီးမှုလွန်စွာနည်းပါးလှသည်။ သင်ကြားသူ ဆရာ ဆရာမများ အရည်အသွေးဖွံ့ဖြိုးတိုးတက်ရေး၊ တက္ကသိုလ်အဆင့် သင်ကြားသူ၊ သင်ယူသူ သုတေသနပြုလုပ်နိုင်ရေး၊ တက္ကသိုလ်အဆင့်စာကြည့်တိုက်အသုံးချနိုင်ရေးနှင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများတွင် လွန်စွာအားနည်းလှသည်။

မည်သည့်အကြောင်းများကြောင့် အခြေခံအဆောက်အအုံများကိုသာ ဦးစားပေးလုပ်ဆောင်ခဲ့ကြပြီး အဓိကလုပ်ဆောင်ရမည့် အရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေး၊ တက္ကသိုလ်အဆင့် သင်ကြားသူ၊ သင်ယူသူသုတေသနပြုလုပ်နိုင်ရေး၊ တက္ကသိုလ်အဆင့် စာကြည့်တိုက်အသုံးချနိုင်ရေးနှင့် နိုင်ငံတကာဖြင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို မည်သည့်အတွက် အားနည်းနေရသည်ကို စဉ်းစားသင့်ပါသည်။ သင်ကြားရေးသင်ရိုးများတွင် မူလတန်းမှ တက္ကသိုလ်တန်းများအထိပင် လွန်စွာကောင်းမွန်လှသည်။ သို့သော်လက်တွေ့သင်ကြားရေးတွင် လိုအပ်ချက်များစွာရှိပါသည်။ ဘွဲ့ရ အရေအတွက်သာ တိုးပွားလာသည့် နိုင်ငံတော်အတွက် ပညာတတ်နည်းပါးလာခဲ့သည်။ နိုင်ငံတော်က ခေတ်အဆက်ဆက် လမ်းညွှန်မှု ညွှန်ကြားချက်မည်သို့ပင်ထုတ်ပါစေ အောက်ခြေမှ နည်းမျိုးစုံဖြင့် လိမ်ညာခဲ့ကြသည်။ ပညာရေးနိမ့်ပါးခဲ့သည်။

ယခုအချိန်အခါသည် နိုင်ငံတော်အတွက် လိုအပ်ချက်နည်းပညာများနှင့် တီထွင်ဆန်းသစ်နိုင်သောအသိပညာ၊ အတတ်ပညာများကို မြှင့်တင်ရေးအတွက် နိုင်ငံတော်အကြီးအကဲများက လိုအပ်သည်များကို အထူးပံ့ပိုးပေးနေသောအချိန်ကာလပင် ဖြစ်ပေသည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေက ဆရာ ဆရာမများနှင့် တွေ့ဆုံပွဲများတွင် တက္ကသိုလ်ဆရာ ဆရာမများ သုတေသနဆောင်ရွက်မှုများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတကာအဆင့်မီသုတေသနများ ဆောင်ရွက်ရန် လိုအပ်သောစာအုပ်စာတမ်းများနှင့် စက်ကိရိယာများကို ဝယ်ယူရန် နိုင်ငံတော်က ပံ့ပိုးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ အမှန်တကယ်လည်း ပံ့ပိုးလျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် တင်ပြတောင်းခံသည့် စက်ကိရိယာများကိုလည်း အပြည့်အဝဝယ်ယူခွင့်ပြုခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တက္ကသိုလ်ဆရာဆရာမများတောင်းခံသည့် သုတေသနအသုံးစရိတ်များကို အပြည့်အဝထောက်ပံ့ပေးခဲ့သည်ကို လေ့လာ တွေ့ရှိရသည်။

ယခုကဲ့သို့ နိုင်ငံတော်ကို ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသောကာလတွင် နိုင်ငံတော်မှပံ့ပိုးမှုများကို မိမိကိုယ်ကျိုးစီးပွားထက် မိမိတိုင်းပြည် ပြုပြင်ပြောင်းလဲ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြင်ဆင်သင့်သည်များကို ပြင်ဆင်လိုက်မည်ဆိုပါက မြန်မာနိုင်ငံ၏ ပညာရေးသည် မကြာမီသောကာလတစ်ခုတွင် သိမှုနယ်ပယ်၊ နှလုံးသားခံစားမှုနယ်ပယ်နှင့် စိတ်နှင့်ကိုယ် တစ်ထပ်တည်းကျပြုမှုဆောင်ရွက်မှုနယ်ပယ်တို့ ပြီးပြည့်စုံပြီး အသွင်ပြောင်းလဲကာ တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးပြုနိုင်သော၊ တွေးခေါ်မြော်မြင်သောအဆင့်များသို့ အဆင့်ဆင့်တက်ရောက်ပြီး တီထွင်ဖန်တီးနိုင်သော ပညာရေးအခန်းကဏ္ဍတစ်ခုဖြစ်လာမည်မှာ မလွဲဧကန်ပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကျမ်းကိုး**

- **ဒေါက်တာခိုင်မြဲ(ပညာရေး) ကောင်းမွန်သောပညာရေးအတွက် မရှိမဖြစ်လက်ကိုင်ထားရမည့် Bloom's Taxonomy**
- **https://harappa.education/harappa-diaries/blooms-taxonomy-of-educational-objectives**
- **https://teaching.charlotte.edu/services-programs/teaching-guides/course design/blooms-educational-objectives**
- **https://cft.vanderbilt.edu/guides-sub-pages/blooms-taxonomy**
- **http://www.oecd.org/education/policyoutlook.htm**

# ထယ်ရေးမလိုသော မျိုးစေ့ချကိရိယာ အသုံးပြုစိုက်ပျိုးခြင်းသရုပ်ပြပွဲ ကျင်းပ

နေပြည်တော် သြဂုတ် ၃

ထယ်ရေးမလိုသော မျိုးစေ့ချကိရိယာ အသုံးပြုစိုက်ပျိုးခြင်း သရုပ်ပြပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် မဲဒီကျေးရွာ၌ ကျင်းပသည်။

သရုပ်ပြပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြိုး၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တောင်သူလယ်သမားများ တက်ရောက်ကြသည်။



သရုပ်ပြပွဲတွင် ပြည်ထောင်စုဝန်ကြီးက ထယ်ရေးမလိုသော မျိုးစေ့ချကိရိယာ အသုံးပြုစိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးစရိတ်ကုန်ကျမှု သက်သာခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိစေခြင်း၊ ထယ်ထိုးပြီးစိုက်ပျိုးခြင်းနှင့် ကွာခြားချက်ကို သိရှိနိုင်ရန် ယခုစိုက်ကွင်းတွင် တောင်သူများကို လက်တွေ့ပြသပြီး ရလဒ်ကောင်းများ တောင်သူယုံကြည်စွာ လိုက်ပါကျင့်သုံး လုပ်ကိုင်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထယ်ရေးမလိုသော မျိုးစေ့ချကိရိယာကို လယ်မြေများတွင် မိုးစပါးအပြီး ဆောင်းပဲသီးထပ်စိုက်ပျိုးသောဒေသတွင် အထူးသင့်တော်ကြောင်း၊ တိုင်းဒေသကြီး ပြည်နယ်အသီးသီးတွင်လည်း ယခုကဲ့သို့သော သရုပ်ပြလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူများ၏ အတွေ့အကြုံနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ဆွေးနွေးပြီး ပိုမိုကောင်းမွန်အောင် ကြိုးစားကြရန်လိုကြောင်း၊

ရာသီအချိန်မီ စိုက်ပျိုးထုတ်လုပ်ရန်နှင့် လယ်ယာလုပ်သားရှားပါးမှုကျော်လွှားရန်၊ အရည်အသွေးကောင်းသီးနှံများ အရေအတွက်များများ ထုတ်လုပ်ရန်အတွက် စက်မှုလယ်ယာသို့ကူးပြောင်းရေးသည် မလွဲမသွေ လုပ်ဆောင်ရမည့်ကာလလည်း ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွန်းအေးက သရုပ်ပြပွဲ အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ထယ်ရေးမလိုသော မျိုးစေ့ချကိရိယာ အသုံးပြုစိုက်ပျိုးခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် အခမ်းအနား တက်ရောက်လာကြသော တောင်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် ရိုးပြတ်ရိတ်စက်အသုံးပြုပြီး ထယ်ရေးမလိုသော မျိုးစေ့ချကိရိယာ အသုံးပြုစိုက်ပျိုးခြင်း၊ ရိုးပြတ်ကိုမရိတ်ဘဲ ထယ်ရေးမလိုသော မျိုးစေ့ချကိရိယာ အသုံးပြုစိုက်ပျိုးခြင်း စသည့် စိုက်ပျိုးနည်းများဖြင့် လက်တွေ့စိုက်ပျိုးနေမှုကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာသူများက မြေပြင်အခြေအနေ၊ မျိုးစေ့မြေဝင်အခြေအနေများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဈေးကွက်အတွင်း လက်ကျန်နည်းပါးနေခြင်းကြောင့် မြေပဲဆန်ဈေးနှုန်းများ မြင့်တက်လာ

မန္တလေး သြဂုတ် ၃

မြေပဲထွက်ရှိရာ ထီးချိုင့်၊ ကသာနှင့် စဉ့်ကူး၊ မတ္တရာဒေသတို့တွင် ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ၎င်းဒေသရှိ လက်ကျန်မြေပဲများ ဈေးကွက်အတွင်း ဝင်ရောက်မှုမရှိခြင်းနှင့် ဈေးကွက်အတွင်း၌ လက်ကျန်နည်းပါးနေခြင်းတို့ကြောင့် ယခု သြဂုတ်လဆန်းပိုင်းတွင် မြေပဲဆန်ဈေးနှုန်းများ မြင့်တက်နေကြောင်း သိရသည်။

အဆိုပါ မြေပဲဆန်ဈေးနှုန်းမှာ ပြီးခဲ့သည့် ဇူလိုင်လဆန်းက မြေပဲဆန် တစ်ပိဿာလျှင် ကျပ် ၄၅၀၀ နှုန်းနှင့် ဆီကြိတ်မြေပဲဆန် တစ်ပိဿာလျှင် ကျပ် ၄၀၀၀ နှုန်း ပေါက်ဈေးရှိခဲ့ရာမှ ယနေ့တွင် မြေပဲဆန် တစ်ပိဿာလျှင် ကျပ် ၆၄၀၀ နှုန်းနှင့် ဆီကြိတ်မြေပဲဆန် တစ်ပိဿာလျှင် ကျပ် ၆၂၀၀ နှုန်းအထိ ဈေးမြင့်တက်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံ ပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောကြားသည်။

"မြေပဲလုံးဆန်က ယခုရက်ပိုင်းမှာ ပြည်တွင်းပြည်ပ ဝယ်လိုအားကြောင့် ဈေးတက်နေပါတယ်။ ဈေးတက်တာက လည်း ဒီနှစ်က ပစ္စည်းထွက်တာနည်းပြီး လက်ကျန်လည်းမရှိသလောက် နည်းပါတယ်။ ပြည်ပတင်သွင်းဆီနဲ့ ပြည်တွင်းဆီက ကွာခြားမှုမရှိတဲ့အတွက် ဒီနှစ်ပဲဆီ စားသုံးမှုပိုများပါတယ်။ ခုချိန်မှာတော့ မန္တလေးဈေးကွက်ထဲကို မကွေး၊ ရေနံချောင်း၊ ကျောက်ပန်းတောင်း စတဲ့ ဒေသတွေကလည်း မိုးမြေပဲဆန်အသစ်တွေ ဝင်ရောက်နေပါတယ်။ လက်ရှိမှာ လက်ကျန်ကလည်း နည်းပါးနေတဲ့အပြင် ဝယ်လိုအားကလည်း ကောင်းနေတဲ့အတွက် ဈေးကွက်မှာ တစ်ကြိမ်တစ်ခါမှ မဖြစ်ပေါ်ခဲ့တဲ့ ဈေးနှုန်းကို ရောက်ရှိလာပါတယ်။ နောက်ထပ် ထွက်ရှိလာမယ့် မြေပဲဆန်ကလည်း နှစ်လလောက်လိုသေးတာဆိုတော့ ဒီကြားကာလမှာ ဈေးနှုန်းက ဒီထက်ပိုပြီး တက်လာနိုင်ပါသေးတယ်" ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ မြေပဲကို မန္တလေး၊ စစ်ကိုင်း၊ မကွေးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ပြည်တွင်းစားသုံးမှု ဖူလုံစေရန်အတွက် သာမက ပြည်ပသို့ တင်ပို့ရောင်းချရန် အဓိကသီးနှံအဖြစ် အားထားစိုက်ပျိုးကြသည်။ ယင်းဒေသများအနက် မကွေးတိုင်းဒေသကြီးတွင် မြန်မာပြည်၏ ဆီအိုးကြီး



ဟု တင်စားခေါ်ဝေါ်ရသည်အထိ အများဆုံး ထွက်ရှိကြောင်း၊ စားသုံးဆီအနေဖြင့် ပြည်တွင်းစားသုံးမှု ဖူလုံစေကြောင်းလည်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# တိုက်ကြီးမြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

တိုက်ကြီး သြဂုတ် ၃

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် အခြေခံ စက်ချုပ်သင်တန်း (၂/၂၀၂၂) သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းက ကွဲဘုတ်ကျေးရွာအုပ်စု လဟာမငယ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဘသိန်းက အခြေခံ စက်ချုပ်သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးအား သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းနည်းပြဆရာမအား နည်းပညာထောက်ပံ့ကြေးတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို ဇူလိုင် ၅ ရက်မှ သြဂုတ် ၃ ရက်အထိ တစ်လကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသူ ၁၇ ဦးတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော

# အလုပ်ခွင်ပြင်ပ ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့်များ ထုတ်ပေး

ရန်ကုန် သြဂုတ် ၃

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမား ဒေါ်ဇင်ဇင်စိုးသည် ဇန်နဝါရီ ၂၆ ရက် နံနက် ၇ နာရီခွဲတွင် လုပ်ငန်းခွင်သို့အလာ ဆိုင်ကယ်ပေါ်မှ ပြုတ်ကျရာ ဆေးရုံတွင်ဆေးကုသနေစဉ် သေဆုံးသွားခဲ့သည့်အတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်နှင့် အာမခံအလုပ်သမား ဒေါ်အိဖြူသည် ဖေဖော်ဝါရီ ၂၄ ရက်က အလုပ်ခွင်၌ တာဝန်ထမ်းဆောင်နေစဉ် ကတ်ကြေးဖြင့် ညာဘက်မျက်ခွံကို ရိုက်မိသဖြင့် ညာမျက်လုံးသူငယ်အိမ် ကွဲခြင်းကြောင့် လုပ်အားဆုံးရှုံးမှု ၃၃ ရာခိုင်နှုန်း အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေးခြင်းများကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးရဲဇော်ဝင်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အာမခံအလုပ်သမား ဒေါ်ဇင်ဇင်စိုး အလုပ်ခွင်ပြင်ပ ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၄၃၂၀၀၀၀ ကို ဖခင်ဖြစ်သူ ဦးလှမျိုးအား လည်းကောင်း၊ ဒေါ်အိဖြူ၏ အမြဲတမ်းမသန်စွမ်းမှုနှင့်ဆိုင်သည့် ခုနစ်နှစ်စာအတွက် ငွေကျပ် ၃၈၈၀၈၀၀ အား လည်းကောင်း စုစုပေါင်း ငွေကျပ် ၈၂၀၀၈၀၀ တို့ကို တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူးက လှိုင်သာယာမြို့နယ် လူမှုဖူလုံရေးရုံးခွဲ တာဝန်ခံ၊ အလုပ်ဌာနတို့မှ တာဝန်ရှိသူများ၊ အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များ ရှေ့မှောက်တွင် ကျန်ရစ်သူ အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့်ငွေလုံးငွေရင်းများကို ထုတ်ပေးခဲ့ကြောင်း သိရသည်။ **ဥဏ်ဟိန်း**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသူများအား ကောက်သင်းကောက် အမြန်ဆုံးပြီးပြတ်အောင် ထိုးနှံပေး



**ဘားအံ ဩဂုတ် ၃**

ကရင်ပြည်နယ်အစိုးရအဖွဲ့ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ (၄/၂၀၂၂) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

ကရင်ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ရောဂါထိန်းချုပ်ရေးနှင့် တုံ့ပြန်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်လာကြသော ခရိုင်/မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌများက မိမိတို့၏ ခရိုင်/မြို့နယ်များအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြကာ အစည်းအဝေးသို့ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ယင်းနောက် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က စက်ရုံအလုပ်ရုံများ၊ ဟိုတယ်များ၊ ကျောင်းသားကျောင်းသူများ၊ သာသနာ့ဝန်ထမ်းများ စသည်ဖြင့် ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသူများအား ကောက်သင်းကောက် အမြန်ဆုံးပြီးပြတ်အောင် ထိုးနှံပေးရန်နှင့် နေရာထိုင်ခင်း၊ ဆေးဝါး၊ အောက်ဆီဂျင် စသည်ဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် လိုအပ်သည်များ အဆင်သင့်ဖြစ်နေရန် ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

**ပြည်နယ်(ပြန်/ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကျောက်မီးသွေးလုပ်ငန်းရှင်များ တွေ့ဆုံ

**မုံရွာ ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကျောက်မီးသွေးလုပ်ငန်းရှင်များ၊ တာဝန်ခံများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**လျှာထားချက် ပြည့်မီစွာ ထုတ်လုပ်**

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီးအတွင်းရှိ မော်လိုက်နှင့် ကလေးဝမြို့နယ်တို့တွင် ကျောက်မီးသွေးလုပ်ငန်းများ လုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန် ပြောကြားလိုကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် သတ်မှတ်ကာလအရ ထုတ်လုပ်ရမည့် လျာထားချက် ပြည့်မီစွာ ထုတ်လုပ်နိုင်ရေးနှင့် ထုတ်လုပ်ပြီး ကျောက်မီးသွေးများ သယ်ယူနိုင်ရေးအတွက် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်**

ယင်းနောက် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ် ကျော်စွာဝင်းနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက မိမိတို့ဌာနများအလိုက် ပူးပေါင်းဆောင်ရွက်ပေးသွားမည့်အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်ပြီး တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ကျောက်မီးသွေးလုပ်ငန်းရှင်များနှင့် တာဝန်ခံများက မိမိတို့လုပ်ငန်းများတွင် ကျောက်မီးသွေး ထုတ်လုပ်နေမှု၊ သယ်ယူရေး ဆောင်ရွက်နေမှုနှင့် သတ်မှတ်လျာထားချက် ပြည့်မီအောင် ထုတ်လုပ်သယ်ယူမည့် အခြေအနေများနှင့်ပတ်သက်၍ အသီးသီး ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသူများက လုပ်ငန်းများနှင့် ပတ်သက်၍ အထွေထွေ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးပွဲသို့ တက်ရောက်လာသူများ၏ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ဆန်စပါးလုပ်ငန်းများ၊ ငါး၊ ပုစွန်၊ ကဏန်းမွေးမြူရေးလုပ်ငန်းများ၊ အထည်ချုပ်လုပ်ငန်းများနှင့် အခြားလုပ်ငန်းများ ပိုမိုတိုးချဲ့ရင်းနှီးမြှုပ်နှံ

**ပုသိမ် ဩဂုတ် ၃**

ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ (၃/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁)၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**ဝင်ငွေပိုမိုရရှိ**

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက တိုင်းဒေသကြီးအတွင်း၌ ပြည်တွင်းပြည်ပမှ ကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်လျက်ရှိသောကြောင့် နိုင်ငံတော်အတွက် ဝင်ငွေများရရှိသည့်အပြင် တိုင်းဒေသကြီးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာပြီး တစ်ဦးချင်းဝင်ငွေများလည်း ပိုမိုရရှိလာကြောင်း၊ တိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံများမှ အလုပ်အကိုင်ရှာဖွေပေးနိုင်မှုမှာ လူဦးရေ ၃၅၀၀၀ ခန့်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထွက်ကုန်များကို တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် စက်ရုံ၊ အလုပ်ရုံများ ထူထောင်နိုင်ရေး ပုဂ္ဂလိကလုပ်ငန်းရှင်များကို ဖိတ်ခေါ်ရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း၌ ဆန်စပါးလုပ်ငန်းများ၊ ငါး၊ ပုစွန်၊ ကဏန်းမွေးမြူရေးလုပ်ငန်းများ၊ အထည်ချုပ်လုပ်ငန်းများအပြင် အခြားလုပ်ငန်းများကိုလည်း ပိုမိုတိုးချဲ့ ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ပြုလုပ်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူးက ဝက်မွေးမြူရေးလုပ်ငန်း၊ ဆန်ကြာဆံအမျိုးမျိုးနှင့် ဆန်မှုန့်ကဲ့သို့ ဆန်ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ပြည်ပသို့ တင်ပို့ရောင်းချခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်းအား တည်ဆောက်ရေးကာလ တိုးမြှင့်ခွင့်ပြုရန် ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များ၏ ဆွေးနွေးတင်ပြချက်များနှင့် ကုမ္ပဏီများ၏ လျှောက်ထားတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က သက်ဆိုင်ရာကော်မတီအဖွဲ့ဝင်ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**






# ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၃**

ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ကာကွယ်ဆေး ဆက်လက်ထိုးနှံနိုင်ရေး စီမံဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယတိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုင်းတုံမြို့ ကောင်းမှုးခမ်းကျောင်းတိုက် ဦးစီးပဓာနနာယက ရှမ်းဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တဝိဇေယျ၏ သက်တော် ၈၄ နှစ်ပြည့် ဝိဇာတမွေးနေ့ ပူဇော်ပွဲအလှူတော်မင်္ဂလာ ကျင်းပ

**နေပြည်တော် ဩဂုတ် ၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကောင်းမှုးခမ်း ကျောင်းတိုက် ဦးစီးပဓာနနာယက ရှမ်းဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တ ဝိဇေယျ၏ သက်တော် ၈၄ နှစ် ပြည့် ဝိဇာတမွေးနေ့ပူဇော်ပွဲ အလှူတော်မင်္ဂလာကို ယနေ့ နံနက်ပိုင်းတွင် ကျိုင်းတုံမြို့နယ် ယန်းကျိမ်အုပ်စု ဝမ်တောင်း နမ့်ရှာ စွမ်ဟိန်းစေတီတော်ပရိဝုဏ် အတွင်း၌ ကျင်းပရာ ဆရာတော်၊ သံဃာတော်များ ကြွရောက်တော် မူကြပြီး တြိဂံဒေသတိုင်းစစ်ဌာန ချုပ်တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်း နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ များ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက် လာကြသူများက သံဃာတော်များ အား သိမ်ထွက်သိမ်ဆွမ်းများ လောင်းလှူကြသည်။ ထို့နောက် မူဆယ်မြို့ လွယ်တိန်ခမ်းထေရ ဝါဒသာသနာပြုကျောင်း ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တသုခမိန္ဒထံမှ တိုင်းမှူးနှင့်တက်ရောက်လာကြသူ များက ငါးပါးသီလခံယူဆောက် တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ် တရားတော်များကို နာယူကာ သံဃာတော်များအား လှူဖွယ် ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပည့်ဒါယကာ များက ဆရာတော်ကြီး၏ အတ္ထုပ္ပတ္တိအကျဉ်းကို ရွတ်ဖတ် ပူဇော်ကြသည်။ ဆက်လက်၍ တိုင်းမှူးနှင့် တက်ရောက် လာကြသူများက လွယ်တိန်ခမ်း ထေရဝါဒသာသနာပြုကျောင်း ဆရာတော်ထံမှ လှူဒါန်းမှုအစုစု တို့အတွက် ရေစက်သွန်းချအမျှ ပေးဝေကာ သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**






# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် ဩဂုတ် ၃**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီး သီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော် များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ ရာဇဓာနီ သာသမဏေကျော်ကျောင်းတိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ကော့လှာကျောင်း တိုက်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် ဘူးသီး တောင်မြို့နယ်ရှိ မင်္ဂလာမြို့ဦးကျောင်းတိုက်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့ နယ်ရှိ ပြဿဒ်ပရိယတ္တိစာသင်တိုက်သို့ လည်း ကောင်း၊ ရှမ်းပြည်နယ် လင်းခေးမြို့နယ်ရှိ နားကုန်း ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

မန္တလေးတိုင်း ဒေသကြီး ရမည်းသင်းမြို့နယ် မြို့လှရွာ၌ ဩဂုတ် ၃ ရက် နံနက်တွင် သံဃာတော်များအား အလှူရှင်များက အရုဏ်ဆွမ်း လောင်းလှူကြစဉ်။

လှိုင်သန်းတင့်(ရမည်းသင်း)



# ဧရာဝတီလင်းပိုင်များကျက်စားရာ ဧရာဝတီမြစ်အတွင်း၌ ဧရာဝတီလင်းပိုင်များ ကောင်ရေတိုးလာ

နေပြည်တော် ဩဂုတ် ၃

**ဧရာဝတီလင်းပိုင်များကျက်စားရာ ဧရာဝတီမြစ်အတွင်း၌ လင်းပိုင်ကောင်ရေတိုးလာကြောင်း နေပြည်တော် ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ သိရသည်။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ကို ဖြတ်သန်းသွားသော ဧရာဝတီမြစ်၌ ဒုတိယမြစ်ကျဉ်းနှင့် ဗန်းမော်မြို့ကြားမှ မန္တလေးနှင့်ကျောက်မြောင်းကြားအတွင်း ဧရာဝတီလင်းပိုင် ၇၉ ကောင် ကျက်စားနေထိုင်လျက်ရှိရာ ယခုလိုမိုးရာသီတွင် မင်းကွန်းဘုရားအနီး၌ ပြောင်းရွှေ့ကျက်စားလျက်ရှိသည်။**

သက်ဆိုင်ရာဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီး ဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)တို့ ပူးပေါင်း၍ ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက် ရေးကို ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ လတွင် မန္တလေးမြို့မှ ဗန်းမော်ကြား ပူးပေါင်းအဖွဲ့ စာရင်းကောက်ခံမှုအရ လင်းပိုင် ၇၉ ကောင် တွေ့ရှိခဲ့ပြီး တစ်နှစ်ကျော်ကာလအတွင်း၌ သားပေါက်ကောင်ရေ တိုးလာခြင်းဖြစ်သည်။

"ကျွန်တော်တို့ပုံမှန်စာရင်းကောက်ခံမှုအရ ဆိုရင် တစ်နှစ်ကိုသားပေါက်တစ်ကောင်ကနေ ခုနစ်ကောင်အထိ ပေါက်တာရှိတယ်။ လက်ရှိ ပေါက်ပွားမှုရှိပါတယ်။ မြေပြင်ကွင်းဆင်းပြီး ၂၀၂၁ ခုနှစ်ကစပြီး စာရင်းပြုစုမှုမရှိသေးတဲ့အတွက် သားပေါက်ကောင်ရေအတိအကျ မသိရသေးတာပါ။ ဒီနှစ်ဇူလိုင်လမှာ ရေလုပ်သားအချို့သတင်းပေးပို့မှု အရ မင်းကွန်းအနီးမှာ လင်းပိုင်ခုနစ်ကောင်အုပ်စု တွေ့ရှိပြီး သားပေါက်နှစ်ကောင်ပါတယ်လို့ ပြောတယ်။ ဧရာဝတီမြစ်မှာ လင်းပိုင်နှစ်စဉ်သေဆုံးမှု အနည်းငယ်တော့ရှိတယ်။ တတ်နိုင်သမျှ သေဆုံး မှုနည်းအောင် ဝိုင်းဝန်းစောင့်ရှောက်တဲ့အတွက်



မိုးရာသီတွင် မန္တလေးမြို့ မင်းကွန်းအနီး၌ လင်းပိုင်များပြောင်းရွှေ့ကျက်စားနေမှုကို တွေ့ရစဉ်။


ကောင်ရေတိုးလာနေပါတယ်"ဟု နေပြည်တော် ငါးလုပ်ငန်းဦးစီးဌာန လင်းပိုင်ထိန်းသိမ်းစောင့်ရှောက် ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးမြို့နှင့် ကျောက်မြောင်းကြား လင်းပိုင် ၂၉ ကောင်၊ ဒုတိယမြစ်ကျဉ်းနှင့်ဗန်းမော် ကြား ၁၆ ကောင်နှင့် ဒုတိမြစ်ကျဉ်းနှင့် တတိယ မြစ်ကျဉ်းကြား၌ ၃၄ ကောင်တို့ ပုံမှန်ကျက် စားလေ့ရှိပြီး မိုးရာသီတွင် မင်းကွန်းဘုရားအနီးသို့ စုန်ဆင်းကျက်စားကာ မိုးအကုန်တွင် အထက်သို့ ပြန်လည်ဆန်တက်သွားလေ့ရှိကြောင်း သိရသည်။ ဧရာဝတီမြစ်ဖြတ်သန်းရာ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ရေလုပ်သားများကို ရေသယံဇာတပျက်စီးဆုံးရှုံးမှု မရှိစေရန်နှင့် လင်းပိုင်များဖမ်းဆီးမှုမရှိစေရန် ကျေးရွာများသို့ ကွင်းဆင်းအသိပညာပေးလုပ်ငန်း လုပ်ဆောင်မှုဖြင့် ဧရာဝတီလင်းပိုင် ထိန်းသိမ်း စောင့်ရှောက်ခြင်းကို ပူးပေါင်းဆောင်ရွက်လျက်ရှိ သည်။

မဲခေါင်မြစ်၊ အင်ဒိုနီးရှားနိုင်ငံ မဟာခံမြစ်နှင့် မြန်မာနိုင်ငံရှိ ဧရာဝတီမြစ်အတွင်း၌ ရေချိုဒေသတို့ တွင် ဧရာဝတီလင်းပိုင်များ နေထိုင်သည့်အပြင် ပင်လယ်ဝနှင့် ကမ်းနီးရေတိမ်ဒေသတို့တွင်လည်း ကျက်စားလျက်ရှိသည်။ မြန်မာ့အိမ်နီးချင်းနိုင်ငံ များနှင့် အိန္ဒိယနိုင်ငံတို့ရှိ လင်းပိုင်များကို ဧရာဝတီ လင်းပိုင်ဟု အမည်ခေါ်ဆိုကြပြီး ၂၀၁၈ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ မိန်းမလှ ကျွန်းအနီး၌ ကောင်ရေ ၂၀ ကျော်၊ ၂၀၁၀ ပြည့်နှစ်တွင် စစ်တွေမြို့ ရခိုင်ကမ်းရိုးတန်း၌ ကောင်ရေ ၆၀ ကျော်၊ ၂၀၁၁ ခုနှစ်တွင် မြိတ်နှင့်ကော့သောင်းကြား ၌ ကောင်ရေ ၆၀ ကျော် စာရင်းပြုစုခဲ့ရာ ၂၀၂၂ ခုနှစ် တွင် လင်းပိုင်ကောင်ရေအချို့ သေဆုံးမှုရှိသော်လည်း တစ်နှစ်ကျော်အတွင်း တိုးပွားလာကြောင်း သိရသည်။ **ညိမ်းသူ-သတင်းစဉ် ၊ ဓာတ်ပုံ - ကနူး**

# မျောက်ကျောက်ရောဂါ သတိရှိပါ





မေယုမျိုးအောင် (MANA)

နိုင်ဂျီးရီးယားနိုင်ငံတွင် မျောက်ကျောက်ရောဂါကူးစက်မှုများကို ကြိုတင်ကာကွယ်မှုအဖြစ် တောရိုင်းတိရစ္ဆာန် အသားများရောင်းချခြင်းကို တားမြစ်လိုက်ကြောင်း နိုင်ငံတကာသတင်းများက ဖော်ပြကြသည်။ နိုင်ဂျီးရီးယားနိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် မျောက်ကျောက်ရောဂါကူးစက်မှု စတင်ဖြစ်ပွားခဲ့သောနိုင်ငံဖြစ်သည်။ မျောက်ကျောက်ရောဂါသည် နိုင်ဂျီးရီးယားရှိ အပူပိုင်းမိုးသစ်တောများအနီးဝေးလံခေါင်သီသော ဒေသများတွင် အဖြစ်များကြောင်း သိရသည်။ မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း၌ ရောဂါအထူးအဆန်းများ တစ်နေ့တခြားပိုမိုများပြားလာသည်။ တိရစ္ဆာန်မှလူသို့ ကူးစက်သော ရောဂါများသည် မထင်မှတ်လောက်အောင်ပင် ဖြစ်ပွားလာသဖြင့် ကမ္ဘာဦးကာလကတည်းက ရှိခဲ့သော လူနှင့်တိရစ္ဆာန်အကြား ဆက်ဆံရေးကိုပင် ခြိမ်းခြောက်လာသည်။ လွန်ခဲ့သည့် ၁၀ စုနှစ်များအတွင်း ပေါ်ပေါက်လာခဲ့သည့် ရောဂါသစ်များသည် မထင်မှတ်သောနေရာမှ ရုတ်တရက်ပေါ်လာပြီး လူသားတို့ကို အန္တရာယ်ပြုလာသည်။

**ရောဂါပိုး ၆၁ ဒသမ ၆ ရာခိုင်နှုန်းသည် တိရစ္ဆာန်တို့မှ အခြေခံ**

ဆေးဘက်ဆိုင်ရာ သုတေသီများက လူသားတို့တွင် ရောဂါဖြစ်စေသော ရောဂါပိုး ၁၄၁၅ မျိုးတွင် ၆၁ ဒသမ ၆ ရာခိုင်နှုန်းသည် တိရစ္ဆာန်တို့မှ အခြေခံလာခြင်းဖြစ်ကြောင်း ဆိုထားသည်။ ရောဂါပိုး ၆၁၆ မျိုးမှာ အိမ်မွေးတိရစ္ဆာန်များတွင် ဖြစ်ပွားတတ်ပြီး ၇၇ ဒသမ ၃ ရာခိုင်နှုန်းမှာ တိရစ္ဆာန်မျိုးစိတ်အမျိုးမျိုးတွင် ဖြစ်ပွားနိုင်သည့် ရောဂါပိုးများဖြစ်သည်။ အသားစား အိမ်မွေးတိရစ္ဆာန်များတွင် ရောဂါဖြစ်စေသော ရောဂါပိုးအမျိုးပေါင်း ၃၇၄ မျိုးရှိပြီး ၉၀ ရာခိုင်နှုန်းမှာ တိရစ္ဆာန်မျိုးစိတ်အမျိုးမျိုးတွင် ဖြစ်ပွားနိုင်ကြောင်း သတိပေးထားသည်။

လေ့လာမှုစစ်တမ်းများကလည်း လင်းနို့အပါအဝင် အချို့တိရစ္ဆာန်များတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရောဂါဖြစ်ပွားနိုင်ကြောင်းနှင့် တစ်ခါတစ်ရံ တိရစ္ဆာန်တွင်ဖြစ်သော ကိုရိုနာဗိုင်းရပ်စ်သည် ဗီဇပြောင်း စွမ်းရည်များရရှိကာ လူတွင် စတင်ကူးစက်ခံရပြီးနောက် လူအချင်းချင်း ကူးစက်တတ်ကြောင်း ကပ်ရောဂါကာလ အစောပိုင်းကတည်းက ဆိုခဲ့ကြပြီးဖြစ်သည်။ ကိုဗစ်ကပ်ရောဂါ၏ ဇာစ်မြစ်သည် မူလက တရုတ်နိုင်ငံ ဝူဟန်မြို့ရှိ တိရစ္ဆာန်အရှင်များ အပါအဝင် သား/ငါး ရောင်းချသည့် ဈေးများနှင့် ဆက်စပ်မှုရှိကြောင်း ကနဦးအစီရင်ခံစာများတွင် ဖော်ပြခဲ့သည်။ တိရစ္ဆာန်မှ လူသို့ ရောဂါကူးစက်မှုလမ်းကြောင်းကို သိပ္ပံနည်းကျစွာဖြင့် အတည်ပြုခြင်း၊ ရှင်းလင်းတင်ပြခြင်း မရှိခဲ့သော်လည်း တရုတ်သုတေသီများက ကိုဗစ်ကပ်ရောဂါသည် လင်းနို့မှ လူသားများသို့ တိုက်ရိုက်မဟုတ်ဘဲ သင်းခွေချပ်ကိုယ်မှ တစ်ဆင့်ခံ ကူးစက်ခဲ့ခြင်းဖြစ်နိုင်ကြောင်း ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် တရုတ်နိုင်ငံ ဝူဟန်မြို့မှစတင်ခဲ့သော ကိုဗစ်ကပ်ရောဂါသည် တိရစ္ဆာန်မှလူသို့ ကူးစက်သောရောဂါမှသည် လူအချင်းချင်း လျင်မြန်စွာ ကူးစက်နိုင်သော ကမ္ဘာ့ကပ်ရောဂါဖြစ်လာခဲ့သည်။ ကမ္ဘာတစ်ဝန်းရှိလူပေါင်း ခြောက်သန်းကျော်ကိုလည်း သေဆုံးစေခဲ့ပြီးဖြစ်သည်။ တိရစ္ဆာန်မှ လူသို့ ကူးစက်သောရောဂါများ အနက် အချို့ရောဂါများသည် ကမ္ဘာပေါ်ရှိ လူသားအားလုံးကို အချိန်တိုအတွင်း အသက်အန္တရာယ်ပြုနိုင်ကြောင်း အကြီးမားဆုံးသင်ခန်းစာဖြစ်သည်။ ကမ္ဘာကြီးတွင် လွန်ခဲ့သော ၁၀ စုနှစ် နှစ်စုကျော်အတွင်း ၇၅ ရာခိုင်နှုန်းသာ ရောဂါများမှာ တိရစ္ဆာန်မှ လူသို့ ကူးစက်သောရောဂါများဖြစ်သည်။ ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ (OIE) ကလည်းအနာဂတ်တွင် ရောဂါဖြစ်ပေါ်စေနိုင်သော ဘေးအန္တရာယ်ဆိုင်ရာများ လျော့ကျစေရန်အတွက် တောရိုင်းတိရစ္ဆာန်များ ကုန်သွယ်မှုဈေးကွက်နှင့် စားသုံးမှုအပေါ်တွင် တားမြစ်ကန့်သတ်ခြင်းများ လုပ်ဆောင်ရန် အကြံပြုထားပြီးဖြစ်သည်။ တိရစ္ဆာန်မှ လူသို့ ကူးစက်နိုင်ခြေများပြားသော တောရိုင်းတိရစ္ဆာန် အသားများစားသုံးခြင်းကို အထူးရှောင်ကြဉ်သင့်သည်။

**ရောဂါကူးစက်ခံရသူပေါင်း ၁၆၀၀၀ ကျော်ရှိ**

မျောက်ကျောက်ရောဂါ (monkeypox) ကူးစက်ပျံ့နှံ့မှုနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ဇူလိုင် ၂၃ ရက်တွင် ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ်ကြေညာခဲ့သည်။ ယင်းကြေညာချက်သည် WHO ၏ဗိုင်းရပ်စ်ကူးစက်မှုဆိုင်ရာ အရေးပေါ်ကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးအပြီးတွင် ထွက်ပေါ်လာခြင်းဖြစ်သည်။ နိုင်ငံပေါင်း ၇၅ နိုင်ငံ၌ ရောဂါကူးစက်ခံရသူပေါင်း ၁၆၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း WHO အကြီးအကဲက ပြောကြားသည်။ ယခုကဲ့သို့ ခွဲခြားသတ်မှတ်ခြင်းသည် WHO က ထုတ်ပြန်နိုင်သည့် အမြင့်ဆုံးသတိပေးချက်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းတွင် ရောဂါဖြစ်ပွားမှုများ မြင့်တက်လာမှု၏ နောက်ဆက်တွဲဖြစ်သည်။ မျောက်ကျောက်ရောဂါဖြစ်ပွားမှုကို ယခုနှစ် မေလအစောပိုင်းက နိုင်ဂျီးရီးယားသို့ ခရီးသွားရာမှ ပြန်လာသူတစ်ဦးတွင် စတင်တွေ့ရှိခဲ့သည်။ ဥရောပနိုင်ငံအချို့ အမေရိကန်နှင့် ကနေဒါတို့၌ ရောဂါဖြစ်ပွားမှုကို အတည်ပြုခဲ့သည်။ ကူးစက်မှုတဖြည်းဖြည်း ကျယ်ပြန့်လာချိန် ကနဦးကာလတွင် WHO က အဆိုပါရောဂါကို ကမ္ဘာလုံးဆိုင်ရာ အရေးပေါ်အခြေအနေကြေညာရန် ငြင်းဆိုခဲ့သည်။

လွန်ခဲ့သည့် ရက်သတ္တပတ်များအတွင်း ကူးစက်မှုသိသိသာသာ မြင့်တက်လာခဲ့ပြီးနောက် ယခုကဲ့သို့ ကမ္ဘာ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ခြင်းဖြစ်သည်။ မှတ်တမ်းများအရ မျောက်ကျောက်ရောဂါသည် ကျောက်ကြီးရောဂါကဲ့သို့ ဗိုင်းရပ်စ်မျိုးနွယ်စုဝင်ဖြစ်ပြီး အာဖရိကအလယ်ပိုင်းနှင့် အနောက်ပိုင်းရှိ အပူပိုင်းမိုးသစ်တောများတွင် အဓိကဖြစ်ပွားကာ တစ်ခါတစ်ရံ အခြားဒေသများသို့လည်း ပျံ့နှံ့လေ့ရှိသည့် ဗိုင်းရပ်စ်တစ်မျိုးဖြစ်သည်။ ၎င်းရောဂါပိုးကို ၁၉၅၈ ခုနှစ်တွင် ပထမဆုံးတွေ့ရှိခဲ့ကြောင်း သိရသည်။ ဗိုင်းရပ်စ်သည် ရောဂါပိုးရှိသူ သို့မဟုတ် တိရစ္ဆာန်နှင့် အနီးကပ်ထိတွေ့မှုမှတစ်ဆင့် လူသို့ ကူးစက်သည်။ အနာများ၊ ခန္ဓာကိုယ်မှ ထွက်ရှိသော အရည်များ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာ အမှုန်အမွှားများနှင့် ညစ်ညမ်းနေသော အိပ်ရာပေါ်ရှိ ပစ္စည်းများနှင့်ထိတွေ့ခြင်းဖြင့် လူတစ်ဦးမှတစ်ဦးသို့ ကူးစက်နိုင်ကြောင်း WHO က ဆိုထားသည်။

ရောဂါထိန်းချုပ်ရန် အခွင့်အလမ်းများရှိနေသဖြင့် စိုးရိမ်စရာမရှိကြောင်း WHO က ဆိုနေသော်လည်း ကူးစက်ရောဂါဆိုင်ရာ ကျွမ်းကျင်သူအချို့က အဆိုပါဗိုင်းရပ်စ်သည် ယခင်က မတွေ့ရှိခဲ့သော နိုင်ငံများ၌ အမြစ်တွယ်သွားမည်ကို စိုးရိမ်နေကြသည်။ ယခုရာခိုင်နှုန်းတိုးလာပြီး လက်ရှိတွင် လိင်တူဆက်ဆံသော အမျိုးသားများသည် ကူးစက်နိုင်ခြေအမြင့်ဆုံးဖြစ်ကြောင်း သိရသည်။ ယခုနှစ်အတွင်း အဆိုပါဗိုင်းရပ်စ်ကြောင့် အာဖရိကတွင် သေဆုံးသူ ငါးဦးရှိပြီဖြစ်သော်လည်း အာဖရိကအပြင်ဘက်တွင် ယခုအချိန်အထိ သေဆုံးမှုမရှိသေးကြောင်း သိရသည်။

**၉၈ ရာခိုင်နှုန်းမှာ အမျိုးသားချင်း လိင်တူဆက်ဆံသူများကြောင့်ဖြစ်**

မျောက်ကျောက်ရောဂါဖြစ်ပွားသူ ၉၈ ရာခိုင်နှုန်းမှာ အမျိုးသားချင်း လိင်တူဆက်ဆံသူများကြောင့် ဖြစ်ရခြင်းဖြစ်သည်ဟုဆိုသည်။ ကူးစက်ခံရသူ ၉၈ ရာခိုင်နှုန်းမှာ လိင်တူ လိင်ကွဲနှစ်မျိုးစလုံးကို စိတ်ဝင်စားသော အမျိုးသားများဖြစ်ကြပြီး ကူးစက်ခံရသူ ၉၅ ရာခိုင်နှုန်းမှာ လိင်ပိုင်းဆိုင်ရာကိစ္စမှ ကူးစက်ခြင်းဖြစ်သည်ဟု လွန်ခဲ့သော သီတင်းပတ်တွင် နယူးအင်္ဂလန်ဆေးဂျာနယ်က ဖော်ပြခဲ့သည်။ အရေပြားပေါ်တွင် အဖုအပိန့်များကို ထွက်စေသော မျောက်ကျောက်ရောဂါ ကူးစက်မှုသည် အနီးကပ်ထိတွေ့ခြင်း၊ လူချင်းထိတွေ့ခြင်းတို့မှ အဓိကဖြစ်ပွားပုံရသည်ဟု ပညာရှင်များက ပြောကြားခဲ့ကြသည်။

မျောက်ကျောက်ရောဂါဖြစ်ပွားမှုကို အတည်မပြုရသေးသည့် နိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများအား စောင့်ကြည့်စစ်ဆေးရန်နှင့် ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကိုကာကွယ်ရန် ကျန်းမာရေးအစီအမံများပြုလုပ်ရန် နိုင်ငံများအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တိုက်တွန်းပြောကြားသည်။

ကိုဗစ်ကပ်ရောဂါနှင့် အသားကျနေပြီဖြစ်သော ကမ္ဘာကြီးသည် မျောက်ကျောက်ရောဂါကို အလိုက်သင့် ခုခံနိုင်မည်သာဖြစ်သည်။ အများပြည်သူတို့ကလည်း မျောက်ကျောက်ရောဂါနှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန် အချက်များကို အလေးထားလိုက်နာကြရန် လိုအပ်ကြောင်း တိုက်တွန်းလိုက်ရပါသည်။ ။

မျောက်ကျောက်ရောဂါသည် ကျောက်ကြီးရောဂါကဲ့သို့ ဗိုင်းရပ်စ်မျိုးနွယ်စုဝင်ဖြစ်ပြီး အာဖရိကအလယ်ပိုင်းနှင့် အနောက်ပိုင်းရှိ အပူပိုင်းမိုးသစ်တောများတွင် အဓိကဖြစ်ပွားကာ တစ်ခါတစ်ရံ အခြားဒေသများသို့လည်း ပျံ့နှံ့လေ့ရှိသည့် ဗိုင်းရပ်စ်တစ်မျိုးဖြစ်သည်။ ၎င်းရောဂါပိုးကို ၁၉၅၈ ခုနှစ်တွင် ပထမဆုံးတွေ့ရှိခဲ့ကြောင်း သိရသည်။ ဗိုင်းရပ်စ်သည် ရောဂါပိုးရှိသူ သို့မဟုတ် တိရစ္ဆာန်နှင့် အနီးကပ်ထိတွေ့မှုမှတစ်ဆင့် လူသို့ကူးစက်သည်။ အနာများ၊ ခန္ဓာကိုယ်မှထွက်ရှိသော အရည်များ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာ အမှုန်အမွှားများနှင့် ညစ်ညမ်းနေသော အိပ်ရာပေါ်ရှိ ပစ္စည်းများနှင့်ထိတွေ့ခြင်းဖြင့် လူတစ်ဦးမှတစ်ဦးသို့ ကူးစက်နိုင်ကြောင်း WHO ကဆို

ဆေးဘက်ဆိုင်ရာ သုတေသီများက လူသားတို့တွင် ရောဂါဖြစ်စေသော ရောဂါပိုး ၁၄၁၅ မျိုးတွင် ၆၁ ဒသမ ၆ ရာခိုင်နှုန်းသည် တိရစ္ဆာန်တို့မှ အခြေခံလာခြင်းဖြစ်ကြောင်း ဆိုထားသည်။ ရောဂါပိုး ၆၁၆ မျိုးမှာ အိမ်မွေးတိရစ္ဆာန်များတွင် ဖြစ်ပွားတတ်ပြီး ၇၇ ဒသမ ၃ ရာခိုင်နှုန်းမှာ တိရစ္ဆာန်မျိုးစိတ်အမျိုးမျိုးတွင် ဖြစ်ပွားနိုင်သည့် ရောဂါပိုးများဖြစ်သည်။ အသားစားအိမ်မွေးတိရစ္ဆာန်များတွင် ရောဂါဖြစ်စေသော ရောဂါပိုးအမျိုးပေါင်း ၃၇၄ မျိုးရှိပြီး ၉၀ ရာခိုင်နှုန်းမှာ တိရစ္ဆာန်မျိုးစိတ်အမျိုးမျိုးတွင် ဖြစ်ပွားနိုင်

# ဓာတ်ခွဲနမူနာစုစုပေါင်း ၅၅၉၅ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၃-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၅၉၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၅၃,၃၃၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၄,၁၄၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၉၂၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂-၈-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၂၂၂,၃၀၇) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၀၈၄,၉၀၇) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ကျောင်းသူများ၊ ကျောင်းနေပြင်ပကလေးများနှင့် ပြည်သူများအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လအတွင်း ရောက်ရှိသောပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၃-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၆၃) ခု | (၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၃) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၄၁) ခု | (၁)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၂၃) ခု | (၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၀၁) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၈၆၄) ခု | (၉) ဦး |
| စုစုပေါင်း | (၅,၅၉၅) ခု | (၁၈) ဦး |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု (၂-၈-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈)နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၂၂၂,၃၀၇ |
| အသက် (၁၈)နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၀၈၄,၉၀၇ |

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၃၃၁၉၇၀၂ | ၈၈၄၃၁၇၇၇ | ၁၀၅၅၉၇၅ |
| ၂။ | အိန္ဒိယ | ၄၄၀၆၇၁၄၄ | ၄၃၄၀၃၆၁၀ | ၅၂၆၄၇၇ |
| ၃။ | ပြင်သစ် | ၃၃၉၂၁၃၄၃ | ၃၃၅၂၄၃၀၉ | ၁၅၂၂၈၀ |
| ၄။ | ဘရာဇီး | ၃၃၈၉၀၄၂၈ | ၃၂၅၁၁၆၃၄ | ၆၇၉၀၆၃ |
| ၅။ | ဂျာမနီ | ၃၁၀၄၄၅၅၄ | ၂၉၂၅၉၈၀၀ | ၁၄၄၃၆၀ |
| ၆။ | ဗြိတိန် | ၂၃၃၀၄၄၇၉ | ၂၂၇၅၇၇၇၇ | ၁၈၃၉၅၃ |
| ၇။ | အီတလီ | ၂၁၁၂၄၆၄၄ | ၁၉၇၂၂၅၄၀ | ၁၇၂၃၉၇ |
| ၈။ | တောင်ကိုရီးယား | ၂၀၀၅၂၃၀၅ | ၁၈၆၉၆၃၃၁ | ၂၅၁၁၀ |
| ၉။ | ရုရှား | ၁၈၆၃၆၇၄၁ | ၁၈၀၀၀၃၁၄ | ၃၈၂၅၆၀ |
| ၁၀။ | တူကီယဲ | ၁၅၈၈၉၄၉၅ | ၁၅၄၈၇၄၆၈ | ၉၉၃၄၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၈၅၁၂၂ | ၉၉၄၀၄၆၂ | ၄၃၀၉၄ |
| ၂။ | အင်ဒိုနီးရှား | ၆၂၂၇၈၈ | ၆၀၁၄၈၈၅ | ၁၅၇၀၄၆ |
| ၃။ | မလေးရှား | ၄၆၈၇၄၇၀ | ၄၆၀၇၂၀၇ | ၃၅၉၈၅ |
| ၄။ | ထိုင်း | ၄၅၉၆၅၅၉ | ၄၅၄၃၁၅၆ | ၃၁၄၆၆ |
| ၅။ | ဖိလစ်ပိုင် | ၃၇၈၅၈၆၉ | ၃၆၉၃၁၁၅ | ၆၀၇၆၂ |
| ၆။ | စင်ကာပူ | ၁၇၂၈၉၉၅ | ၁၆၃၄၉၃၃ | ၁၅၂၄ |
| ၇။ | မြန်မာ | ၆၁၄၁၄၆ | ၅၉၂၉၂၇ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၁၄၄၁ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၂၁၀၄၁၇ | ၁၆၄၁၁၆ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၉၀၈ | ၁၃၃၆၀၈ | ၃၀၅၆ |

# ယခုနှစ်ပထမခုနှစ်လအတွင်း တရုတ်နိုင်ငံသို့ ဆန်စပါးတင်ပို့မှုမှတစ်ဆင့် ကမ္ဘောဒီးယားနိုင်ငံ အမေရိကန်ဒေါ်လာ ၈၉ သန်း ဝင်ငွေရရှိခဲ့



**ဖနောင်ပင် ဩဂုတ် ၃**

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမခုနစ်လ တာကာလ အတွင်း (ဇန်နဝါရီလမှ ဇူလိုင်လအတွင်း) တရုတ်နိုင်ငံသို့ ဆန်စပါးတန်ချိန် ၁၆၉၇၆၆ တန် တင်ပို့နိုင်ခဲ့ခြင်းကြောင့် အမေရိကန်ဒေါ်လာ ၈၉ သန်း ဝင်ငွေရရှိခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဆန်စပါးအသင်းချုပ်က ဩဂုတ် ၃ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံသည် ဥရောပသမဂ္ဂပြီးလျှင် ကမ္ဘောဒီးယားနိုင်ငံမှဆန်ကို အများဆုံးဝယ်ယူသည့် နိုင်ငံအဖြစ် ဆက်လက်ရပ်တည်လျက်ရှိကြောင်းနှင့် တရုတ်နိုင်ငံသို့ ဆန်စပါးတင်ပို့မှုသည် ကမ္ဘောဒီးယား နိုင်ငံက ဇန်နဝါရီလမှ ဇူလိုင်လအတွင်း ဆန်စပါး တင်ပို့မှု စုစုပေါင်း၏ ၄၈ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဆန်စပါးအသင်းချုပ်က ပြောကြားသည်။

တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ အကြီးမားဆုံးသော ဆန်စပါးဈေးကွက်ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံသို့ ဆန်စပါးအများအပြား ပိုမိုတင်ပို့နိုင်ရန်လည်း ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မျှော်လင့်လျက်ရှိကြောင်း ကမ္ဘောဒီးယားဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဆောင်းဆာရန်က ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမခုနစ်လတာကာလအတွင်း နိုင်ငံနှင့် ဒေသပေါင်း ၅၆ ခုသို့ ဆန်စပါးတန်ချိန် ၃၅၀၉၀၂ တန် တင်ပို့ခဲ့ကြောင်းလည်း ကမ္ဘောဒီးယားနိုင်ငံ ဆန်စပါးအသင်းချုပ်က ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**




## လာအိုနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများမြင့်တက်

**ဗီယင်ကျန်း ဩဂုတ် ၃**

လာအိုနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုများ မြင့်တက်နေကြောင်း သိရသည်။ ပြီးခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၆၆ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၁၄၄၁ ဦး ရှိလာကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

မြို့တော် ဗီယင်ကျန်းတွင် ကိုဗစ်–၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၄၉ ဦးရှိကာ ဗာလစ်ခွန်ဆေဒေသတွင် ရှစ်ဦးနှင့် ဆာဗာနာခတ်ဒေသတွင် နှစ်ဦးထပ်မံတွေ့ရှိရသည်။ နိုင်ငံအတွင်း ယခုကဲ့သို့ ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုများ မြင့်တက်လာခြင်းမှာ ကမ္ဘာ့နိုင်ငံများတွင် အိုမီခရွန်ဗီဇပြောင်း ဗိုင်းရပ်စ် မျိုးစိတ်အသစ်များ ကူးစက်မှုများ များပြားလာခြင်းကြောင့်ဖြစ်ပြီး ယခုအချိန်တွင် လာအိုနိုင်ငံအတွင်းသို့ ကမ္ဘာ့နိုင်ငံများမှ ခရီးသည်များ ပြန်လည်ဝင်ရောက်လာခြင်းကြောင့်ဖြစ်ကြောင်း လာအိုကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေးမြှင့်တင်ရေးဌာန ညွှန်ကြားရေးမှူးချုပ် ဖုန်ဗာဆက်အိုနာဖုန်က ပြောကြားသည်။

နိုင်ငံအတွင်း ယခုအချိန်တွင် ရောဂါလက္ခဏာ မပြသသည့် ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူများရှိနေသဖြင့် နိုင်ငံသားများအား အများပြည်သူဆိုင်ရာ နေရာများတွင် နှာခေါင်းစည်းဝတ်ဆင်ရန်နှင့် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံမှု ခံယူကြရန် တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။ နိုင်ငံသားများအနေဖြင့် တစ်ဦးနှင့်တစ်ဦးခပ်ခွာခွာနေထိုင်ကာလက်ကိုမကြာခဏဆေးကြောခြင်းပြုရန်နှင့် မျက်နှာချင်းဆိုင်တွေ့ဆုံခြင်းများကို ရှောင်ရှားကြရန် တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## ထိုင်းနိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ သုံးဦးရှိ

**ဗန်ကောက် ဩဂုတ် ၃**

ထိုင်းနိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ သုံးဦးရှိပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

တတိယမြောက် မျောက်ကျောက်ရောဂါ ကူးစက်ခံရသူတစ်ဦးကို ထပ်မံစစ်ဆေးတွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ အတည်ပြုပြောကြားသည်။

ဇူလိုင် ၁၈ ရက်တွင် အသက် ၂၅ နှစ်အရွယ် ဂျာမနီအမျိုးသားတစ်ဦးက ဖူးခက်ကျွန်းသို့ ရောက်ရှိစဉ် ကျန်းမာရေးစစ်ဆေးမှုခံယူရာတွင် မျောက်ကျောက်ရောဂါလက္ခဏာများ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ရောဂါထိန်းချုပ်ရေးဌာန ညွှန်ကြားရေးမှူးချုပ် အိုပါစ်ကာကာဝင်ပေါင်က ဆိုသည်။

ယင်းဂျာမနီအမျိုးသားမတိုင်မီ နိုင်ငံအတွင်း မျောက်ကျောက်ရောဂါ ကူးစက်ခံရသူနှစ်ဦးကို လွန်ခဲ့သော ရက်သတ္တပတ်အတွင်း စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

မျောက်ကျောက်ရောဂါကူးစက်မှုများကို အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း ထိုင်းကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့က ပြောကြားသည်။

ရောဂါရှိသူများနှင့် အနီးကပ်ထိတွေ့သူများ အနက် ရောဂါကူးစက်မှု လက္ခဏာခံစားရသူများ လက်ရှိအချိန်အထိ မတွေ့ရှိရသေးကြောင်း အဆိုပါ အဖွဲ့က ဆိုသည်။

ဩဂုတ် ၈ ရက်တွင် မျောက်ကျောက်ရောဂါ ကာကွယ်ဆေး ပထမအသုတ်ရောက်ရှိလာမည်ဖြစ်ကြောင်းနှင့် ကျန်းမာရေးဝန်ထမ်းများနှင့် ရောဂါရှိသူများနှင့် အနီးကပ်ထိတွေ့ရသူများကို ကာကွယ်ဆေးများ ဦးစားပေးထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**






## တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ တစ်သိန်းကျော် ထပ်မံတွေ့ရှိ

**ဆိုးလ် ဩဂုတ် ၃**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၉၉၂၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၀၀၅၂၃၀၅ ဦး ရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေး အာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူများအနက် ၆၀၀ သည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၂၆ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၅၁၁၀ ရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အဆိုပါကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း၏ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်းသိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၃

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၉ ရက်နှင့် ဩဂုတ် ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း(သီလဝါ)၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော အထည်ချုပ်လုပ်ငန်းသုံးပစ္စည်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၁၅၄၁၇) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၃၁ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းဘူးခရိုင် ငဖဲမြို့နယ်အတွင်း တရားမဝင် ပျဉ်းကတိုးခွဲသားနှင့် အင်ကြင်းခွဲသား ၂ ဒသမ ၅၁၀၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၅၀၀၀) ကိုလည်းကောင်း၊ ဩဂုတ် ၁ ရက်တွင် သရက်ခရိုင် ဆင်ပေါင်ဝဲ မြို့နယ် အရှေ့ရိုးမကြိုးဝိုင်းအတွင်း တရားမဝင်သစ်မျိုးစုံ



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

၃ ဒသမ ၇၇၁၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၄၀၁၂)ကို လည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၉၀၁၂)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၉၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်များအတွင်း တရားမဝင် ကျွန်းသစ်နှင့်သစ်မာ ၅ ဒသမ ၈၁၃၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၁၄၅၀၈)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၉ ရက်၊ ၃၁ ရက်၊ ဩဂုတ် ၁ ရက်နှင့် ၃ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၅၉၈၉၃၇) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ တရားမဝင် သစ် ၁၀၅ တန်ကျော် သိမ်းဆည်းရမိ



နေပြည်တော် ဩဂုတ် ၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၅ ရက်မှ ၃၁ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၅၈ ဒသမ ၇၉၄၂ တန်၊ သစ်မာ ၃၄ ဒသမ ၀၄၀၈ တန်၊ အခြား ၁၂ ဒသမ ၄၃၄၂ တန်၊ စုစုပေါင်း ၁၀၅ ဒသမ ၂၆၉၂ တန်၊ တရားခံ ၃၃ ဦး၊ ယာဉ်/ယန္တရား ၁၇ စီး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# အမရပူရမြို့နယ် ဧရာဝတီမြစ်အတွင်း ငါးမျိုးများစိုက်ထည့်

မန္တလေး ဩဂုတ် ၃

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ သဘာဝမြစ်ချောင်းများအတွင်း ငါးသယံဇာတများ ရေရှည်ထိန်းသိမ်းနိုင်ရေးနှင့် ငါးရိက္ခာများ ပိုမိုရရှိစေရေးအတွက် မန္တလေးခရိုင် အမရပူရမြို့နယ် လက်ပံပင်ဆိပ်အနီး ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၃ ရက် နံနက်ပိုင်းက ကျင်းပသည်။



အဆိုပါ အခမ်းအနားသို့ မန္တလေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးထွန်းထွန်းဝင်း၊ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးဌာနမှူး ဦးခင်မောင်ထွန်း၊ မန္တလေးခရိုင် ငါးလုပ်ငန်းတာဝန်ခံ ဦးဌေးမင်း၊ အမရပူရမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြင့်ကြိုင်၊ စီမံကိန်းဦးစီးဌာနမှူး ဒေါ်သန်းသန်းနွဲ့၊ ဆည်မြောင်းဝန်ကြီးဌာန ဦးစီးဌာနမှူး ဦးသန့်ဇင်ဝင်းနှင့် ခရိုင်၊ မြို့နယ်အဆင့် ငါးမျိုးစိုက်ထည့်မှု ကြီးကြပ်ရေး အဖွဲ့ဝင်များ၊ ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး၊ ခရိုင် ငါးလုပ်ငန်းစခန်းမှ ဝန်ထမ်းများ တက်ရောက်ကြပြီး သရက်ကုန်း ငါးလုပ်ငန်းစခန်း၊ ကူမဲငါးလုပ်ငန်းစခန်း၊ နတ်ရေကန် ငါးလုပ်ငန်းစခန်းတို့မှ သားဖောက်ထုတ်လုပ်သော ငါးခုံးမကြီးနှင့် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ စုစုပေါင်း ကိုးသိန်းကို ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၃

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ "စလင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ဆရာ ဆရာများကို ခြိမ်းခြောက်၍ မော်တော်ဆိုင်ကယ်များကို လုယက်ယူဆောင်ခဲ့သည့်ဖြစ်စဉ်"ခေါင်းစဉ်ဖြင့် ဩဂုတ် ၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "ချောင်းဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူများကို ဆေးရုံသို့ပို့ဆောင်စဉ် လူမှုကူညီရေးယဉ်များကို ထပ်မံမိုင်းဆွဲတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်" နှင့် ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ မနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၈-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

06:00 မေတ္တာသုတ်၊ ရတနသုတ်၊ မောရ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
07:00 နံနက်ခင်းသတင်း
08:30 နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
09:30 NRC အစီအစဉ်(ရှမ်း) 'အလှဖြာဝေ 'ဝ' ဌာနေနှင့် 'တိုးတန့်'ဌာနေ'
10:00 သတင်းထဲကသတင်း
12:30 နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ငဆး'(အပိုင်း-၃၀)
13:30 MRTV National News
14:35 မြန်မာ့ကျောက်မျက်ရတနာ
15:05 လူမှုစီးပွားမြင်ကွင်းများ
15:30 နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ ဇူလိုင်လ)(စတုတ္ထပိုင်း)
18:00 ပြည်တွင်းသတင်း
18:35 သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
19:30 မြန်မာဇာတ်လမ်းတွဲ 'အချစ်ရဲ့အိပ်မက်တန်ဖိုး' (အပိုင်း-၅)
20:00 ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
21:00 သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
21:35 (၁၅)ကြိမ်မြောက်ဆိုကာ၊ ရေး၊ တီးပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ) 'သုဝဏ္ဏသာမ ဇာတ်တော်ကြီး' (ပထမဆု)(ဒုတိယပိုင်း)
22:30 နိုင်ငံခြားဇာတ်လမ်းတွဲ 'အချစ်ဆိုသည်မှာ' (အပိုင်း-၅)

**mitv**

07:01 Evergreen Classic: An Da Yel Kin (Htar)
07:09 Let's Taste Delicious Insects: Choice Mixed Insects and Lettuce Salad & Red Ant and Soy Bean Paste Curry
07:30 Done Nyaung Hmaing: A New Tourism Spot
07:41 Shan Traditional Festival
08:01 Discovering Tribes: Yin Net Tribe - Their Life and Customs
08:28 Popa Trip
08:38 Insight Myanmar: Parenting & Child Development (Part-2)
09:01 News
09:27 Tobacco Pipe Making Business (Ywar Lut Village)
09:33 Life of A Farmer
10:02 Licuala Palm Leaf

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၄)
**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
နလုံးသားထဲကထာဝရရိဒ်ရေကန်
**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
လွယ်မွေမြို့
**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ထန်းပင်ပေါ်ကတို့ပေပေ
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
လခြမ်းမြိုကရိုးရာအလှ(အပိုင်း-၁)
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
မိုင်းပုန်းဆရာတော်၏တရားတော်(အပိုင်း-၁)
**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
သံထည်ဖြင့်ပြုလုပ်ထားသောလူ့အသုံးအဆောင်
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ခေါင်လန်ဖူးအလွန်မှဒီးလာဝါဇီကျေးရွာသို့
**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့ကယားလို ငိုးအီရိုး(ခေါ်)တေး
**ဝကကကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကန်စွန်းရွက်နှင့်ကျန်းမာရေး
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ပျော်ပျော်ပါးပါးမျှစ်ချိုးသွားရအောင်

**MRTV NEWS**

06:00 အဖွင့်၊ တေးသီချင်း
06:40 အားကစားသတင်း
09:30 နိုင်ငံတကာသတင်း(LIVE)
11:00 ပြည်တွင်းသတင်း(LIVE)
13:30 နိုင်ငံတကာသတင်း(LIVE)
14:00 MRTV National News
15:00 ပြည်တွင်းသတင်း(LIVE)
17:30 နိုင်ငံတကာသတင်း(LIVE)
19:00 ပြည်တွင်းသတင်း(LIVE)
20:00 ပြည်တွင်းသတင်း(LIVE)
21:45 သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

09:00 အဖွင့်၊ အလံ
09:30 ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အငွေ'
10:00 ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
10:30 ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၅)
11:00 PR SYSTEM ရှင်းလင်းပွဲ
11:30 အတွေးအမြင် (အပိုင်း-၅)

**MRTV FARMERS'**

06:00 အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
06:02 တောင်သူလယ်သမားရေးရာသတင်း
07:15 တောင်သူ့အတွက် မြေဆီဓာတ်ခွဲသေတ္တာရဲ့လျှို့ဝှက်ချက်
07:35 စီးပွားဖြစ်နိုင်တစ်ပိုင်တစ်နိုင် ဒေသကြက်နှင့်ဘဲမွေးကြအပိုင်
08:15 တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းမှသည် နှစ်ရှည်ဝင်ငွေတိုးပွားမည်
08:50 စက်စွမ်းရည်ဖြင့်အလှဆင်သည်
09:45 ကုန်ကြမ်းမှသည်ကုန်ချောဆီသို့

**MRTV SPORTS**

06:00 အဖွင့်
06:30 အခြေခံအားကစားနည်းစနစ်များ
07:00 Sports News
07:30 Soccer View/ Weekly Sports Info
07:45 အားကစားလောကထဲကသူတို့အကြောင်း
08:00 ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
20:00 ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

**✳ CDM မှ**

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မြို့နယ်အချို့ရှိ PDF အမည်ခံ အကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြားကာ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး



ဦးဗဒူ (ဒဏ်ရာရ)



အောင်လင်းဝင်း (ဒဏ်ရာရ)



မခင်သီတာ (ဒဏ်ရာရ)

**နေပြည်တော် ဩဂုတ် ၃**

NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက် သမားများသည် အနာဂတ်လူငယ်များ၏ ပညာသင်ကြား သင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့ လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့အား အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံး ပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့် နည်းလမ်းမျိုးစုံအသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဩဂုတ် ၂ ရက် မွန်းလွဲ ၁ နာရီတွင် ချင်းပြည်နယ် ပလက်ဝမြို့နယ် တုံးမဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ အထွေထွေဝန်ထမ်း ဦးဗဒူ (၅၀)နှစ်သည် အဆိုပါကျောင်း၌ ပညာသင်ကြားနေသည့် ရီးမဝကျေးရွာမှကျောင်းသားကျောင်းသူခုနစ်ဦးတို့ကို ၎င်းမောင်းနှင်သည့် စက်လှေဖြင့် တင်ဆောင်၍ ရီးမဝကျေးရွာသို့ လိုက်ပါပို့ဆောင်ရန်အတွက် ကုလားတန်မြစ်ကြောင်းအတိုင်း ပြန်လည်မောင်းနှင်လာစဉ် ရီးမဝကျေးရွာသို့ မရောက်မီ ၂ ဖာလုံခန့် အကွာအရောက်၌ ကုလားတန်မြစ်၏ ညာဘက်မြစ်ကမ်းပေါ်မှ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် စက်လှေမောင်းနှင်လာသည့် ဦးဗဒူတွင် ဝဲလက်ကောက်ဝတ်နှင့် လည်ပင်းကျည်ရှပ်ထိ ဒဏ်ရာတစ်ချက်၊ မခင်သီတာ (၁၄)နှစ် ၅ တန်း (ဘ)ဦးတနလ်ာ၏ ဝဲ/ယာ ခြေထောက်နှစ်ချောင်း၌ ကျည်ထိမှန်ဒဏ်ရာများ၊ မောင်အောင်လင်းဝင်း (၁၁)နှစ် ၅ တန်း (ဘ) ဦးလင်းအောင်တွင် ကျောကျည်ရှပ်ထိ ဒဏ်ရာတစ်ချက်တို့ ရရှိခဲ့ပြီး မောင်နေမင်းထွန်း (၁၁)နှစ် ၅ တန်း (ဘ)ဦးအောင်ဖာနှင့် မောင်သန်းမြင့် (၁၁)နှစ် ၅ တန်း (ဘ)ဦးထွန်းလှအောင်တို့နှစ်ဦးတွင် နောက်ကျောကျည်ထိမှန် ဒဏ်ရာများရရှိကာ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်မြို့နယ် မော်ဇာရွာမကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မော်ဇာ၌ လုံခြုံရေး တာဝန်ထမ်းဆောင်လျက်ရှိသော တပ်ဖွဲ့ဝင်တစ်ဦးကို အကြမ်းဖက် တိုက်ခိုက်

**နေပြည်တော် ဩဂုတ် ၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် မော်ဇာရွာမကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မော်ဇာ၌ လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်ဖွဲ့ဝင်တစ်ဦးကို ယနေ့နံနက် ၉ နာရီခန့်တွင် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မော်ဇာရွာမကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) မော်ဇာတွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသားကျောင်းသူများအေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိစဉ် မော်ဇာရွာမကျေးရွာနေ အောင်မြင့်မြတ် (၁၄)နှစ် (ဘ)ဦးသန်းရွှေက အရိုး သုံးလက်မခန့်၊ အသွား ရှစ်လက်မခန့်၊ အနံ ၁ ဒသမ ၅ လက်မခန့်ရှိ စကေဘာဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးကို နောက်ကျောမှနေ၍ အကြမ်းဖက်တိုက်ခိုက်ခဲ့ရာ အနက်သုံးလက်မခန့် ထိုးသွင်းဒဏ်ရာ ရရှိခဲ့သည်။ကျန်လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်တိုက်ခိုက်သူအား ဖမ်းဆီးစဉ် ခုခံထွက်ပြေးသွားသဖြင့် ခြောက်လှန့်ပစ်ခတ်ဖမ်းဆီးခဲ့ရာ ကျောင်း၏ အနောက်ဘက်မီတာ ၁၀၀ခန့်အကွာ၌ ဒဏ်ရာနှင့်အတူဖမ်းဆီးရမိခဲ့သည်။ ဖြစ်စဉ်တွင် ဒဏ်ရာရ လုံခြုံရေးတပ်ဖွဲ့ဝင်နှင့် အကြမ်းဖက်သူတို့ကို တပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိပြီး အကြမ်းဖက်တိုက်ခိုက်သူအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အောင်မြင့်မြတ်



သိမ်းဆည်းရမိခဲ့သည့် စကေဘာကို တွေ့ရစဉ်။

### လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

အကြမ်းဖက်အဖွဲ့များအနေဖြင့် အမှားအမှန်ခွဲခြားသိမြင်နိုင်မှုနည်းပါးသေးသည့် အသက်ငယ်ရွယ်သူများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ စည်းရုံးမက်လုံးပေးသိမ်းသွင်းခြင်းများ ပြုလုပ်၍ ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များကို စေခိုင်းလျက်ရှိကြောင်း၊ အုပ်ထိန်းသူ မိဘ၊ ဆရာများကလည်း မိမိရင်သွေးငယ်များ လမ်းမှားပေါ် မရောက် ရှိစေရေး ဝိုင်းဝန်းတားဆီးဆောင်ရွက်ရန်လိုကြောင်းနှင့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၇၃၅ | ၁၇၈၀ | ၁၇၇၅ | ၁၇၄၅ | ၁၇၈၀ | ၁၈၀၅ | ၁၇၉၀ | ၁၇၆၅ | ၁၈၆၀ | ၁၈၇၅ | ၁၇၇၅ | ၁၇၈၀ | ၁၈၁၅ | ၁၈၁၅ | ၁၈၂၀ | ၂၀၄၀ | ၂၆၈၀ |
| 95 Ron | ၁၈၀၀ | ၁၈၄၅ | ၁၈၄၅ | ၁၈၀၅ | ၁၈၄၅ | ၁၈၆၅ | ၁၈၅၀ | ၁၈၃၀ | ၁၉၂၅ | ၁၉၄၀ | ၁၈၃၅ | ၁၈၅၀ | ၁၈၈၀ | ၁၈၈၀ | ၁၈၈၀ | ၂၁၀၀ | ၂၇၄၀ |
| HSD (500 ppm) | ၁၉၉၅ | ၂၀၄၀ | ၂၀၄၀ | ၂၀၀၅ | ၂၀၄၀ | ၂၀၆၅ | ၂၀၆၀ | ၂၀၂၅ | ၂၁၄၀ | ၂၁၃၅ | ၂၀၃၅ | ၂၀၄၀ | ၂၀၇၅ | ၂၀၈၀ | ၂၀၈၀ | ၂၃၀၀ | ၃၀၃၅ |
| HSD (50 ppm) | ၂၀၅၀ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၀၉၅ | ၂၁၂၀ | ၂၁၁၅ | ၂၀၈၅ | ၂၂၀၀ | ၂၁၉၅ | ၂၀၉၀ | ၂၁၀၀ | ၂၁၃၅ | ၂၁၃၅ | ၂၁၃၅ | ၂၃၅၅ | ၃၀၆၅ |
| HSD (10 ppm) | ၂၀၅၀ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၀၉၅ | ၂၁၂၀ | ၂၁၁၅ | ၂၀၈၅ | ၂၂၀၀ | ၂၁၉၅ | ၂၀၉၀ | ၂၁၀၀ | ၂၁၃၅ | ၂၁၃၅ | ၂၁၃၅ | ၂၃၅၅ | ၃၀၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၆၄၄ | ၁၇၁၁ |
| 95 Ron | ၁၇၀၅ | ၁၇၇၃ |
| HSD (500 ppm) | ၁၈၉၈ | ၁၉၆၅ |
| HSD (50 ppm) | ၁၉၅၃ | ၂၀၂၁ |
| HSD (10 ppm) | ၁၉၅၃ | ၂၀၂၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## “ ဂန္ထဝင်သံစဉ်” တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် ဩဂုတ် ၃

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အဖြစ် တင်ဆက်မည့် “ဂန္ထဝင်သံစဉ်”တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဩဂုတ် ၅ ရက် (သောကြာနေ့) ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် မြန်မာ့အသံဆိုင်းဝိုင်းကြီးနှင့် သံစုံတီးဝိုင်းတို့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် နန်းဝင်း၊ ချမ်းဟိန်းဝင်းထွန်း၊ မင်းသားလေး၊ ယဉ်ဝေယံထွန်း၊ ခရမ်းကြည်ကြည်မာ၊ နေခြည်၊ ရွှေဖြူ၊ သဒ္ဒါဖြူ၊ မြတ်နိုးစံနှင့် ဝမ်းကေဇင်တို့က ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

ထိုသို့တင်ဆက်မှုကိုဩဂုတ် ၇ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ်၊ လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

နေပြည်တော် ဩဂုတ် ၃

သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၇၇)ကို ဩဂုတ် ၅ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။




အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှု အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် ခိုင်သဇင်ဦးတို့က တင်ဆက်ကြမည် ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင် ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဩဂုတ် ၅ ၊ ၆ နှင့် ၇ ရက်နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## “(၃၈)ဖြာ မင်္ဂလာအစီအစဉ်” ဆန်းသစ်တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

နေပြည်တော် ဩဂုတ် ၃

လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အသိပညာဗဟုသုတ တိုးပွားစေရန်အပြင် ဇာတ်သဘင်ကြိုက်နှစ်သက်ကြသည့် မိဘပြည်သူများအတွက် “(၃၈)ဖြာ မင်္ဂလာအစီအစဉ်” ဆန်းသစ်တင်ဆက်မှုကို မေ ၂၁ ရက်မှစတင်၍ အပတ်စဉ်စနေနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။




အဆိုပါ (၃၈)ဖြာမင်္ဂလာ အစီအစဉ်များအနက် ဘဝတိုးတက်ရေးအတွက် အဆုံးအမများစွာပါဝင်သည့် သိပ္ပ၌(အပြစ်ကင်းသော နှုတ်မှုလက်မှုပညာတို့ တတ်မြောက်ကျွမ်းကျင်ခြင်း) နှင့် သောဝစဿတာ (ဆိုဆုံးမလွယ်သူဖြစ်ခြင်း) အစီအစဉ်ကို ဩဂုတ် ၆ ရက် စနေနေ့ည ၉ နာရီတွင် ဆက်လက်ပြသမည် ဖြစ်သည်။

ယင်းတင်ဆက်မှုကို ရွှေနန်းတင် မျိုးဆက်သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး ရန်ကုန်ဓူဝံတေးဂီတ အဖွဲ့၏ တီးခတ်မှုနှင့်အတူ ရွှေဘုန်းကံ၊ ထက်မြက်အောင်၊ ရန်ရှင်းမောင်၊ ဖူးပွင့်ရွှေရည်လှိုင်၊ ပန်းကဗျာနှင့် သဘင်ပညာရှင်များ၊ အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည် ဖြစ်သည်။

ထို့အပြင် ဩဂုတ် ၁၀ ရက် (ဗုဒ္ဓဟူးနေ့)နှင့် ဩဂုတ် ၁၁ ရက် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီ သတင်းအပြီး၌ ယင်းအစီအစဉ်များကို တစ်ပိုင်းစီခွဲခြား၍ ပြန်လည်ပြသမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG နှင့်ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန် ဖိတ်ခေါ်

**နေပြည်တော် ဩဂုတ် ၃**

အစိုးရ၏ပညာရေးစနစ် ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG မှ အဖွဲ့ဝင် တရားခံပြေး ဇော်ဝေစိုးနှင့် ဂျာထွယ်ပန်တို့သည် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်အား Online စနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ယင်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူထားသူ ကောင်းသိုက်စိုး (CDM၊ လက်ထောက်မြို့နယ်ပညာရေးမှူး) အပါအဝင် ဝင်းဗိုလ်(ခ) ဘိုဘို(CDM ၊ မူလတန်းပြ)နှင့် သန့်စင်ထိုက်(CDM၊ မူလတန်းပြ) တို့ သုံးဦးအား တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့နယ် လှည်းရိုးရပ်ကွက်ရှိ ပြည့်တန်ဆာအခန်း၌ အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန် ဖမ်းဆီးရမိခဲ့သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်ကို ဦးစီးဦးဆောင်ခဲ့သူများ၊ လူငယ်များကို လမ်းမှားရောက်စေရန် တွန်းပို့ခဲ့သူများမှအပ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုများကြောင့် ပါဝင်ခဲ့ရသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား တစ်စုံတစ်ရာအရေးယူမှု ပြုလုပ်သွားမည်မဟုတ်ကြောင်းကိုလည်း သတင်းများ၊ ဆက်သွယ်မေးမြန်းမှုများကို ဖြေကြားခြင်းများဖြင့် အသိပေးပြောကြားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များမှ စစ်ဆေးပေါ်ပေါက်ချက်များ အပေါ်အခြေခံ၍ Kaung For You Federal Private School တရားမဝင်စာသင်ကြားမှု အစီအစဉ်တွင် ပါဝင်သည့် ဆရာ ဆရာမများ၊ ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏စာရင်းကို အသေးစိတ်ရရှိပြီးဖြစ်သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများ အနက် အချို့သော ဆရာ ဆရာမများသည် မိမိတို့ လုပ်ဆောင်ခဲ့သည့် မှားယွင်းသည့်လုပ်ရပ်များအပေါ် အသိတရားရရှိခဲ့ပြီး အေးချမ်းစွာနေထိုင်လိုသည့်အတွက် ကိုယ်တိုင်အသိတရားဖြင့် ပြန်လည်ဆက်သွယ်လာမှုများရှိရာ ထိုကဲ့သို့ သတင်းပို့ဆက်သွယ်လာသူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ် ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့ရသည့် ဆရာ ဆရာမများအနေဖြင့် ဥပဒေဘောင်အတွင်း၌ အေးချမ်းစွာနေထိုင်ဖြတ်သန်းနိုင်ရေးနှင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် နိုင်ငံတော်မှ သဘောထားကြီးစွာဖြင့် ပြန်လည်လက်ခံပေးသွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဩဂုတ် ၇ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ မြို့နယ်များရှိ စီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ် ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၃**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇေယျာသီရိမြို့နယ် နန်းဩကျေးရွာနေ အောင်ထွန်းလေးသည် ၎င်းအသုံးပြုသည့် "Aung Htun Lay" Facebook အကောင့်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရှမ္မလည်ဆွဲရပ်ကွက်နေ သန်းဇော်ဝင်းသည် ၎င်းအသုံးပြုသည့် "Than Zaw Win" Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ အုန်းတော(၁)ရပ်ကွက်နေ သက်ဝေထွန်းသည် ၎င်းအသုံးပြုသည့် "Thet Wai Htun" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျွန်းခင်းကြီးကျေးရွာနေ အေးမြင့်ကြည်သည် ၎င်းအသုံးပြုသည့် "Aye Myint Kyi" Facebook အကောင့်၊ ကျောက်ပန်းတောင်းမြို့နယ် မြို့မရပ်ကွက်နေ ဟန်သော်စစ်သည် ၎င်းအသုံးပြုသည့် "Han Thaw Sit" Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၃/မာန်ပြေရပ်ကွက်နေ သီတာသည် ၎င်းအသုံးပြုသည့် "Ma Thidar" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




# ဆင်သေဆည်ရေအသုံးပြုမှုကြောင့် ဝါစိုက်ခင်း အောင်မြင်ဖြစ်ထွန်း

**တပ်ကုန်း ဩဂုတ် ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဥသျှစ်ကုန်းကျေးရွာအုပ်စု ညောင်ငါးပင်ကျေးရွာ ကွင်းအမှတ်(၁၂၇၉) တောင်သူ ဦးအောင်မြင့်၏ ယာမြေတွင် မိုးချည့်မျှင်ရှည် ဝါစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေကြောင်း သိရသည်။

"ဒီဝါစိုက်ခင်းကို နယုန်လမှာ ထယ်ရေး၊ ထွန်ရေး လုပ်ငန်းများဆောင်ရွက်ပြီး လပြည့်ကျော်မှာ စိုက်ပျိုးထားပါတယ်။ ပင်ကြား/တန်းကြားမှာက နှစ်တောင်ထွာစမ်းနဲ့ စိုက်ပျိုးထားပါတယ်။ စိုက်ခင်းကွက်က တော့ တစ်ဧကဖြစ်ပြီး အပင် ၄၀၀၀ စိုက်ပျိုးထားပါတယ်။ အပင်ပျက်စီးမှုမရှိအောင် ပိုးသတ်ဆေး/အပင်အားဆေး လေးကြိမ်လောက် ဖျန်းပေးထားပါတယ်။ ဆင်သေဆည်ရေ အသုံးပြုမှုကြောင့် မြေအစိုဓာတ် လုံလောက်စွာရရှိ၍ အပင်အားတွေ ကောင်းမွန်ပါတယ်။ ဝါပွင့်ကောက်ချိန်မှာ ဈေးကောင်းရရှိရန် မျှော်လင့်ပါတယ်"ဟု ဝါစိုက်တောင်သူ ဦးအောင်မြင့်က ပြောကြားသည်။

တပ်ကုန်းမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် ချည့်မျှင်ရှည်ဝါသီးနှံများကို ကျေးရွာအုပ်စု ၂၉ အုပ်စု၊ ကွင်း ၁၂၀၊ ဧက ၉၇၀၀ လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

**တင်စိုးလွင်**

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် ဩဂုတ် ၃**

နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်နိုင်ရန် ပြည်သူသို့ အသိပေးနှိုးဆော်ခြင်း

၁။ မြန်မာနိုင်ငံသည် အဓိကပြတ်ရွေ့ကြောကြီးတစ်ခုဖြစ်သော စစ်ကိုင်းပြတ်ရွေ့နှင့် အခြားသော ငလျင်ပြတ်ရွေ့ကြောငယ်များ တည်ရှိနေသည့်အတွက် ငလျင်ဘေးအန္တရာယ်ကြီးမားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

၂။ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်ခန့်မှန်းနိုင်မှုမရှိသေးဘဲ နေ့၊ ည အချိန်မရွေး လှုပ်ခတ်နိုင်ပြီး အဖျက်စွမ်းအားကြီးမားသည့် ဘေးအန္တရာယ်တစ်ခုဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ငလျင်၏သဘောသဘာဝများ၊ ငလျင်ကြောင့် အသက်အန္တရာယ်ကင်းရှင်းရေးအတွက် နေထိုင်ပြုမူရမည့် အသိပညာ၊ ဗဟုသုတများကို လေ့လာသိရှိထားရန်နှင့် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်နိုင်ပါရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အကြံပြုအပ်ပါသည်-

### ငလျင်မလှုပ်မီ သိရှိဆောင်ရွက်ထားရန်အချက်များ

- အခန်းတိုင်းတွင် လုံခြုံသောနေရာကို သိရှိထားရမည်။ ခိုင်ခံ့သော စားပွဲခုံအောက်၊ ကုတင်အောက်၊ အခန်း၏ထောင့်နေရာများ၊ အတွင်းနံရံ (သို့မဟုတ်) တိုင်နှင့်ကပ်လျက် နေရာ၊ တံခါးပေါင်အောက် စသည်ဖြင့် ကြိုတင်လေ့လာရွေးချယ်ထားသင့်ပြီး အဆိုပါ လုံခြုံမှုရှိနိုင်သောနေရာများသို့ ဝင်ရန်၊ အကာအကွယ်ယူရန် လေ့ကျင့်ထားပါ။
- အဆောက်အအုံများအတွင်း ပြတင်းပေါက်များ၊ မှန်များ၊ တွဲလောင်းချိတ်ထားသော ပစ္စည်းများ၊ မြင့်သော/ ယိုင်လဲနိုင်သော ပရိဘောဂများ၊ ပစ္စည်းများစွာတင်ထားသော စင်များ စသည့်အန္တရာယ်ရှိနိုင်သော နေရာများကို သိရှိထားပါ။
- အဆောက်အအုံအတွင်းမှ ထွက်ပြေးရန် လမ်းကြောင်းများ၊ အရန်လမ်းကြောင်းများ၊ အရေးပေါ်ထွက်ပေါက်များကို ကြိုတင်လေ့လာသိရှိထားပါ။
- လျှပ်စစ်မိန်းခလုတ်ချခြင်း၊ ဓာတ်ငွေ့အိုးများ/ ပိုက်များ ပိတ်ခြင်းတို့ကို စမ်းသပ်လေ့ကျင့်ထားပါ။
- လေးလံသည့် ဗီရိုကြီးများ၊ အခြားပရိဘောဂများကို ယိုင်လဲပြီး ထိခိုက်မှုမဖြစ်စေရန် နံရံများနှင့် တွဲကပ်ထားပါ။ ကြီးမားလေးလံသည့် ပစ္စည်းများ၊ ကွဲတတ်သော ပစ္စည်းများကို အနိမ့်ပိုင်းတွင်ထားရှိခြင်းဖြင့် ပြုတ်ကျခြင်း၊ ထိခိုက်နိုင်ခြင်းတို့မှ ကာကွယ်ပါ။ ပန်းချီကားကြီးများ၊ ကြည့်မှန်ကြီးများ စသည့် လေးလံသည့်ပစ္စည်းများကို အိပ်ရာ၊ ခုံတန်းရှည် စသည့် လူနေထိုင်လဲလျောင်းရာနေရာတို့နှင့် ဝေးရာတွင် ချိတ်ပါ။
- အရေးကြီးစာရွက်စာတမ်းများ၊ အရေးပေါ်အစားအစာ၊ သောက်ရေ၊ ဓာတ်မီး၊ ဓာတ်ခဲ၊ ရေဒီယို၊ ရှေးဦးသူနာပြုပစ္စည်းများ၊ ဆေးဝါးစသည့် အရေးပေါ်သုံးပစ္စည်းများ ကြိုတင်စုစည်း၍ အဆင်သင့်ထားရှိပါ။

### ငလျင်လှုပ်နေစဉ် ဆောင်ရွက်ရန်အချက်များ

- ကြောက်ရွံ့ထိတ်လန့်မှု မဖြစ်ပါနှင့်၊ သတိရှိပါ၊ တည်ငြိမ်မှုရှိပါ။
- အဆောက်အအုံထဲတွင်ရှိနေပါက အထဲတွင်သာနေပါ။ အပြင်တွင်ရောက်ရှိနေပါက အပြင်တွင်သာ ဆက်၍နေပါ။ ထိခိုက်မှုအများစုသည် ငလျင်လှုပ်စဉ် အဆောက်အအုံအတွင်းမှ ထွက်ပြေးခြင်း၊ အတွင်းသို့ ပြေးဝင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။
- ငလျင်လှုပ်ခတ်ပါကလဲကျသွားနိုင်သည့် အန္တရာယ်မှ ကာကွယ်ရန်ထိုင်ချပါ။ ဦးခေါင်းကို ဦးစားပေး အကာအကွယ်ယူပါ။ အခိုင်အမာဆုံးနေရာကို မြဲမြံစွာကိုင်ထားပါ။
- မီးဖိုအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးခလုတ်များပိတ်ပါ။ မီးတောက်ကိုငြိမ်းပါ။
- အဆောက်အအုံမှ ထွက်ခွာရမည်ဆိုပါက စနစ်တကျ ထွက်ခွာပါ။ အလောတကြီး ပြေးထွက်ခြင်းသည် ပို၍ အန္တရာယ်များနိုင်သည်။ ဓာတ်လှေခါးများ အသုံးမပြုပါနှင့်။ ရိုးရိုးလှေခါးမှ ဆင်းပါ။ အထပ်မြင့်အဆောက်အအုံများမှ ခုန်မချပါနှင့်။
- အဆောက်အအုံပြင်ပတွင် ဖြစ်နေပါက အဆောက်အအုံများ၊ သစ်ပင်များ၊ ဆိုင်းဘုတ်များ၊ ဓာတ်ကြိုးများ၊ ဓာတ်တိုင်များ၊ တံတားများ၊ တောင်စောင်းများ၊ မြစ်ကမ်းများအနီးမှ ရှောင်ရှားနေထိုင်နေပါ။ ကွင်းပြင်များတွင် နေပါ။
- ဆိုင်ကယ်၊ ကားမောင်းနေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။
- ပင်လယ်ကမ်းစပ်များတွင် နေထိုင်သူများအနေဖြင့် ဆူနာမီအန္တရာယ်ကို သတိပြုပါ။

### ငလျင်လှုပ်ပြီးနောက် ဆောင်ရွက်ရန်အချက်များ

- မိမိတို့နေထိုင်ရာ အိုးအိမ်၊ အဆောက်အအုံများတွင် အက်ကွဲကြောင်းများ ဖြစ်ပေါ်ခြင်း ရှိ/မရှိ၊ ယိုင်နဲ့ခြင်း ရှိ/မရှိ စစ်ဆေးပါ။ ထိုသို့ဖြစ်ပေါ်နေပါက ထိုနေရာများမှ ခေတ္တရှောင်ရှားနေထိုင်ပါ။
- လျှပ်စစ်မီးကြိုးများကို စစ်ဆေးပါ။ ပြုတ်ကျ/ ပြတ်ကျနေသော လျှပ်စစ်မီးကြိုးများကို မကိုင်ပါနှင့်၊ သက်ဆိုင်ရာသို့ သတင်းပို့ပါ။
- ငလျင်ကြီးလှုပ်ပြီးနောက် ငလျင်လတ်နှင့် ငလျင်ငယ်များသည် နာရီပိုင်း၊ ရက်ပိုင်း၊ သီတင်းပတ်ပိုင်းမှသည် လပိုင်းအထိ ဆက်လက်ဖြစ်ပွားနိုင်ပြီး ကွဲအက်ချည့်နဲ့သွားသော တိုက်တာ အဆောက်အအုံများ၊ လမ်း၊ တံတားများသည် နောက်ဆက်တွဲ မြေငလျင်များကြောင့် ထပ်မံပျက်စီးပြိုကျတတ်ကြောင်း သတိပြုပါ။
- မီးလောင်ခြင်း၊ ရေကာတာကြီးများ ကျိုးပျက်၍ ရေလွှမ်းခြင်း၊ တောင်ပြိုခြင်း၊ မြေပြိုခြင်း၊ ဆူနာမီရေလှိုင်းများ ရိုက်ခတ်ခြင်းများ စသည့် နောက်ဆက်တွဲအန္တရာယ်များကို သတိပြုပါ။

၃။ ပြည်သူလူထုအနေဖြင့် ကြိုတင်မသိရှိနိုင်ဘဲ အချိန်မရွေး လှုပ်ခတ်နိုင်သည့် ငလျင်ဘေးအန္တရာယ်နှင့် ပတ်သက်၍ အချိန်တိုင်းတွင် ဂရုပြုနေထိုင်ကြပါရန်၊ ပြည်သူ အထိတ်တလန့် ဖြစ်စေမည့် ကောလာဟလသတင်းများကို ဖြန့်ဝေခြင်းမပြုကြပါရန်၊ မယုံကြည်ပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်သတင်းရယူ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
## မြေငလျင်ဘေးအန္တရာယ်အသိပညာပေးပိုစတာ

### ကြိုတင်ပြင်ဆင်ရန်

- ပြိုကျ၊ ပြုတ်ကျနိုင်သော ပစ္စည်းများကို မြဲမြံအောင် ပြုလုပ်ထားပါ။
- ငလျင်လှုပ်ချိန်တွင် ပြုမူနေထိုင်ရမည့် နည်းလမ်းများကို လေ့လာလေ့ကျင့်ထားပါ။

### ငလျင်လှုပ်စဉ် အဆောက်အအုံ အတွင်းရှိပါက

- (၅)စက္ကန့်အတွင်း အဆောက်အအုံ အပြင်သို့ရောက်နိုင်ပါက ပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ်၊ ကာ၊ ကိုင်) ပုံစံဖြင့်နေပါ။
- အထပ်မြင့်တိုက်များ၏ ပြတင်းပေါက်၊ ဝရံတာနားမနေပါနှင့်၊ ခုန်ချခြင်း မပြုပါနှင့်။

**အချိန်မရွေးဖြစ်ပွားနိုင်ပါသည်။**

**တစ်နိုင်ငံလုံးတွင် ဖြစ်ပွားနိုင်ပါသည်။**

**ကြိုတင်သတိပေးချက်ထုတ်ပြန်နိုင်ခြင်းမရှိသေးပါ။**


ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။



ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။


ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင် များကို မြဲမြံစွာကိုင်ထားပါ။

### ငလျင်လှုပ်စဉ် အဆောက်အအုံ အပြင်တွင်ရှိပါက

- အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။
- ဆိုင်ကယ်၊ ကားစသည်တို့ မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။
- မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ ဓါတ်တိုင်၊ သစ်ပင်များ၊ ပြိုကျနိုင်သောအရာများနှင့်ဝေးရာတွင်နေပါ။
- ကမ်းခြေ (သို့) မြစ်ကမ်းစပ်တွင် ရောက်နေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

နန်းကိန္နရီသည် ထမင်းကို တိတ်ဆိတ်စွာ စားနေရာမှ တစ်ခါတစ်ရံ လူအားလုံးကို ဝေ့ကြည့်တတ်သည်။

သူ၏စိတ်ထဲမှာ မော်တော်ကားမှောက်ခြင်းကဲ့သို့သော၊ ရေနံ့သာမှ ထွက်ပြေးကာ အငြိမ့်ထောင်ဆရာထံ ပြန်နေပြီး အငြိမ့်ပြန်ကရန် ကြိုးစားမိခြင်း ကဲ့သို့သောအဖြစ်မျိုး မိမိဘဝမှာ ပေါ်ပေါက်လာရခြင်းကိုပင် ဝမ်းသာရလေမလားဟု တွေးနေမိသည်။ ယင်းအဖြစ်များကြောင့်ပင် မိမိဘဝမှာ ရေရေရာရာရှိလာရသည်ဟု အောက်မေ့သည်။ ယင်းအဖြစ်များကြောင့် မျိုးထွန်းသိန်းနှင့် လက်ထပ်ဖြစ်သောအဆင့်သို့ ရောက်ရှိခဲ့ရသည်။ သို့မဟုတ်ပါက မိမိကိုယ်မိမိ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ သမီးဟုတ်သလိုလို၊ မဟုတ်သလိုလိုနှင့် သောင်မတင်ရေမကျရှိရမည်။ ယခုလို နွယ်နွယ်ထွန်းသာ ပေါ်ပေါက်လာပါက အခက်တွေ့နိုင်စရာအကြောင်း ရှိသည်။ ယခုတော့ သူ့အနေနှင့် ဘာမျှ စိုးရိမ်ထိတ်လန့်ရခြင်းမရှိတော့ပေ။ မည်သို့ဆိုစေ မျိုးထွန်းသိန်း၏ရင်ခွင်သည် သူ့အတွက် လုံခြုံအေးချမ်းလှပေသည်။

ဦးကျော်ထွန်းနှင့် ဒေါ်နွယ်နွယ်တို့၌ ခံစားရချက်နှစ်ပိုင်းရှိသည်။ တစ်ပိုင်းက နွယ်နွယ်ထွန်းနှင့် ဒေါ်ရေနံ့သာခင်ခင်ကြီး၊ သို့မဟုတ် သမီးနှင့် မိခင်တို့ အနှစ်နှစ်ဆယ်ကျော်မျှ ကွဲကွာနေခဲ့ရာမှ ပြန်လည် ဆုံတွေ့ရခြင်းအပေါ် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရခြင်းဖြစ်သည်။ သို့တိုင်အောင် တစ်ဖက်ကမူ မိမိတို့ကိုယ်၌ကလည်း ဝမ်းနှင့်လွယ်၍ မမွေးရုံတမည် လသမီးမှစကာ မွေးမြူစောင့်ရှောက်လာခဲ့ပြီး သမီးအရင်းအချာနှယ် ချစ်ခင်ခဲ့ရသည်ဖြစ်၍ လက်လွှတ်ဆုံးရှုံးရမည့်အရေးကို တွေးကာ စိတ်ဝမ်းမချမ်းမြေ့နိုင်လောက်အောင် ရှိနေရခြင်းဖြစ်သည်။ လက်လွှတ်ဆုံးရှုံးရမည့် အရေးကိုထား။ နွယ်နွယ်ထွန်းကိုယ်တိုင် အနေနှင့် မိမိတို့အပေါ် အချစ်ပေါ့ အချစ်လျော့သွားမည်ကိုပင် မလိုလားနိုင်လောက်အောင် ဖြစ်နေရလေသည်။

ထမင်းဝိုင်းသိမ်းသောအခါ အသံဗလံနှင့် လှုပ်ရှားမှုများသည် ဧည့်ခန်းသို့ ပြန်လည်ရောက်ရှိလာသည်။

ဗိုလ်မှူးညိုထွန်းသည် ဧည့်ခန်း၌ တခမ်းတနားထားရှိသော စောင်းကောက်အနီးသို့ ရောက်ရှိသွားသည်။ ကတ္တီပါအိတ်စွပ်ကို ချွတ်လိုက်သည်။ ကြိုးများကို တို့ထိ ကစားလိုက်သည်။

"ကိုညိုထွန်း တစ်ပုဒ်လောက်လုပ်ဗျာ"

ဦးခင်မောင်ညွန့်က တိုက်တွန်းသည်။

"အစ်ကိုထွန်းက ဒါတွေလည်းဖြစ်နေပြီပေါ့"

ဒေါ်ရေနံ့သာခင်ခင်ကြီးက လှမ်းမေးသည်။ ဗိုလ်မှူးညိုထွန်းက ပြုံး၍ ခေါင်းညိတ်ပြသည်။

"ကိုင်း ..... အဆိုတာဝန်ကို အရီကပဲ ယူပေတော့"

ဦးခင်မောင်ညွန့်က နန်းကိန္နရီအား လှမ်း၍ပြောလိုက်သည်။

"အရီသီချင်းမဆိုတာတောင်ကြာလှပြီ"

"လုပ်ပါ၊ ရပါတယ်" ဆိုကာ ဦးခင်မောင်ညွန့်က နန်းကိန္နရီကို ဗိုလ်မှူးညိုထွန်းထံ တွန်းပို့လိုက်သည်။

ဗိုလ်မှူးညိုထွန်းသည် စောင်းကြိုးညှိသည်။ အမှန်တော့ သည်စောင်းသည် ယခင်က ရေနံ့သာအိမ်တွင် အလှပြပစ္စည်း တစ်ခုသာဖြစ်ခဲ့သည်။ ဧည့်ခန်း၏ ကျက်သရေဆောင်သာ ဖြစ်ခဲ့သည်။ တီးခတ်မည့်သူ မရှိခဲ့။ ယခုမှပင် အသံမြည်လာရတော့မည် ဖြစ်လေသည်။

"ဘာသီချင်းလဲ ဦးလေးထွန်း"

နန်းကိန္နရီမေးသည်။

"စိန်ခြယ်ခြူးသန်း"

ဗိုလ်မှူးညိုထွန်းဖြေသည်။ သူ့စကားကြောင့် ဒေါ်ရေနံ့သာခင်ခင်ကြီးက ဖျတ်ခနဲလှမ်းကြည့်လိုက်ကြောင်း တွေ့ရသည်။

သည်သီချင်းသည် တကယ်တမ်း၌ ဗိုလ်မှူးညိုထွန်းအတွက် သော်လည်းကောင်း၊ ဒေါ်ရေနံ့သာခင်ခင်ကြီးအတွက် သော်လည်းကောင်း အဓိပ္ပာယ်များစွာ ရှိနေသည့်သီချင်းဖြစ်သည်။ ထို့ကြောင့်လည်း ဗိုလ်မှူးညိုထွန်းက ယင်းသီချင်းကို တမင်ရွေးချယ်လိုက်ခြင်းဖြစ်လေသည်။

ဗိုလ်မှူးညိုထွန်းသည် ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့် ပထမဆုံးအကြိမ် ဆုံတွေ့ရသောညကို အမှတ်ရနေသည်။ သတိရနေသည်။ ထိုညက မိုးသည် သဲသဲမဲမဲ ရွာလျက်ရှိသည်။ ရေနံချောင်းရှိ ချောင်းနိမ့်ခေါ် နံ့သာချောင်းမှာ တောင်ကျရေဖြင့် ပြည့်နေသည်။ ရေစီးသန်နေသည်။ သည်စဉ်က အသည်းနှလုံး ပျက်ကြွေမတတ်အနေအထားဖြင့် ယင်းချောင်းရေအတွင်း ဆင်းသွားခဲ့သည်။ ရေစီးအတိုင်း မျောပါသွားသည်။ ဗိုလ်မှူးညိုထွန်းတို့လူသိုက်နှင့် ကြုံဆုံရကာ ကယ်ဆယ်ခြင်းခံခဲ့ရသဖြင့်သာ ယနေ့တွင် ဒေါ်ရေနံ့သာခင်ခင်ကြီးအဖြစ် ရပ်တည်နေနိုင်ခဲ့ခြင်းဖြစ်လေသည်။

သည်စဉ်က ကိုညိုထွန်းတို့လူသိုက် သီချင်းတစ်ပုဒ်ကို သီဆိုလာခဲ့ကြသည်။ ယင်းသီချင်းသည်ကား စိန်ခြယ်ခြူးသန်း။

"စိန်ခြယ်ခြူးသန်း၊ ရွှေနန်းဘုံလယ်၊ ပျော်စမွယ်၊ နေမျိုးနတ်ကယ်၊ သေးသေးသွယ်သွယ်၊ ယဉ်မှူးရွှေမျှော့မယ်၊ အို လှနတ်ကယ်၊ ကေသွယ်ကြော့ရှင်း၊ သွန်းရွှေရုပ်ကယ်"

ဗိုလ်မှူးညိုထွန်း၏ စောင်းသံနှင့် နန်းကိန္နရီ၏ ချိုမြသောအသံသည် တွဲဖက်ပေါ်ပေါက်လာသည်။ လူတို့၏ အာရုံသည် နန်းကိန္နရီထံ စုဝေးရောက်ရှိလာလေသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး၏အာရုံသည်ကား လွင့်ပါးသွားလေသည်။ အဝေးသို့ ပျံ့ဝဲရောက်ရှိသွားလေသည်။ မိုးသည်းထန်သောည၊ နှလုံးကြေကွဲဖွယ်အခြေအနေမျိုးဖြင့် သည်သီချင်းသံ ကြားခဲ့ရပုံကို အမှတ်ရနေသည်။

"ကြေးသွင်းနိတုံ၊ ဆင်းရွှေမှုန်၊ ယမုံသီတာ ရောလမ်း၊ ခွေကာ ပမ်းရ လွမ်းမပြေ၊ မယ့်ကိုသေစေညွှန်းရော့သလား၊ မယ့်ကိုသေစေညွှန်းရော့သလား"

သည်အပိုဒ်သို့ရောက်ရလေလျှင် ပိုမိုကြေကွဲမိသည်။ ပိုမိုတမ်းဆွတ်ခြင်းဝေဒနာကို ခံစားရသည်။ တစ်ဆက်တည်းမှာလည်း သူ၏အာရုံသို့ ချစ်ခဲ့ရဖူးသူ၏ သွင်ပြင်သည် ရောက်ရှိလာသည်။ မောင်မောင်ဦး၏သွင်ပြင်သည် မျက်ဝန်းသူငယ်အိမ်မှာ ထင်ဟပ်လာသည်။ သူ့ကြောင့် ငိုခဲ့၊ လွမ်းခဲ့၊ တမ်းတခဲ့ရသည်များကို အမှတ်ရသည်။ မိမိရှေ့မှာပင် သေဆုံးသွားခဲ့ရသည်များကို မြင်ယောင်လာခဲ့ရသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ပြတင်းပေါက်ဆီသို့ တိုးသွားသည်။ ပြတင်းတံခါးမှန်မှတစ်ဆင့် မြင်နေရသော ပြင်ပရှုခင်းကို ကြည့်မိသည်။ ပြင်ပတွင် လရောင်သည် ထွန်းလင်းသာယာဆဲရှိလေသည်။

သည်မှာက လူစုံနေလေပြီ။ မိမိနှင့် ပတ်သက်သောသူဟူသမျှ သည်မှာ ရောက်နေရလေပြီ။ ဦးခင်မောင်ညွန့်၊ ဒေါ်ဝင်းရီ၊ ဗိုလ်မှူးညိုထွန်း၊ နန်းကိန္နရီ စသည်ဖြင့် မိမိနှင့်အတူ တမ်းဆွတ်ဖွယ်ရှိသည်တို့ကို ဝေမျှတမ်းဆွတ်ခဲ့ရသူ၊ ကြေကွဲစရာရှိလျှင် ဝေမျှကြေကွဲခဲ့ရသူတို့ အစုံအညီ ရှိနေကြလေပြီ။ သည်လိုလူစုံတက်စုံ ရှိနေသည်ကို သူမြင်ရစေချင်ပါဘိ။ သူ၏ဝိညာဉ်သည် စကြဝဠာပြင်ထဲတွင် လွင့်မျောနေလေမည်လား၊ နဂါးငွေ့တန်းထဲမှာ ရောနှောပါဝင်နေလေသလား မပြောတတ်နိုင်ပါချေ။

"ရေးရွှေရုပ်နတ်တူနှယ်၊ စက်ရာဝယ် မြင်လာစမ်း၊ ပူဝန်းဖြေမပြေ၊ ငယ်ကြင်ဆွေကြောင့် တွေဝေမှား"

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ မျက်နှာပြင်မှာ မှိုင်းလာသည်။ အတိတ်ကာလ၏ အရိပ်တို့သည် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ မျက်နှာပေါ်သို့ ဖြတ်သန်းသွားကြသည်။

စင်စစ် အမှားအယွင်းမှန်သမျှ၊ ကြေကွဲဝမ်းနည်းဖွယ်မှန်သမျှ သူ့ကြောင့်သာ ဖြစ်ခဲ့သည်။ သူနှင့်သာလျှင် အစဉ်ပတ်သက်နေသည်။

ယခုတိုင်အောင်လည်း သူ၏လွှမ်းမိုးမှုသည် ပျောက်ကွယ်သွားခြင်းမရှိသေး။ မိမိ၏ဘဝအပေါ် အရိပ်သဖွယ် လွှမ်းမိုးနေဆဲပင်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် သီချင်း၏အဆုံးပိုဒ်ကလေးကို စိတ်ထဲမှာနေ၍ လိုက်လံရွတ်ဆိုကြည့်နေမိသည်။

"ပူဝန်းဖြေမပြေ၊ ငယ်ကြင်ဆွေကြောင့် တွေဝေမှား၊ ငယ်ကြင်ဆွေကြောင့် တွေဝေမှား"

x x x x x

[၃]

နွယ်နွယ်ထွန်းအဖို့ ရေနံမြေသို့ရောက်ရှိရသည်မှာ နေရာဒေသတစ်ခုအကြောင်းကို စာအုပ်တွင် ဖတ်ရှုခဲ့ရပြီးနောက် ယင်းနေရာဒေသသို့ ကိုယ်တိုင်ကိုယ်ကျ ရောက်ရှိရသည့်နှယ် ဖြစ်သည်။

နွယ်နွယ်ထွန်းသည် ဦးမောင်ကလေး၊ ဒေါ်ရွှေသစ်တို့လက်မှသည် ဦးကျော်ထွန်း၊ ဒေါ်နွယ်နွယ်တို့လက်သို့ ရောက်ရှိပြီးနောက် အညာဒေသသို့ ပြန်လည် ရောက်ရှိခြင်း မရှိခဲ့တော့ပေ။ ဒုတိယကမ္ဘာစစ် ပြီးဆုံးခဲ့ပြီးနောက် နယ်ချဲ့လက်အောက်မှ လွတ်မြောက်ကာ လွတ်လပ်ရေးရရှိခဲ့သော နိုင်ငံများစွာတို့အနက် မြန်မာပြည်သည်လည်း ပါဝင်ခဲ့သည်။ ဦးကျော်ထွန်းသည် လွတ်လပ်ရေးရရှိခဲ့ပြီးသည့် သည်ဘက်ပိုင်းတွင် မူရင်းအုပ်ချုပ်ရေးဘက်သို့ပြန်လည်ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ မြို့ပိုင်၊ နယ်ပိုင်၊ အတွင်းဝန်ဘဝမှသည် တိုင်းမင်းကြီး ဖြစ်လာခဲ့သည်။ အများအားဖြင့် မြစ်ဝကျွန်းပေါ်ဒေသတစ်ဝိုက်တွင် လှည့်လည်နေထိုင်ခဲ့ရသည်။

နွယ်နွယ်ထွန်းသည် ဦးကျော်ထွန်း အတွင်းဝန်ဘဝကစ၍ ဦးကျော်ထွန်း မြစ်ဝကျွန်းပေါ်ဘက်သို့ ပြောင်းရချိန်အထိ ရန်ကုန်ရှိ ခရစ်ယာန်သာသနာပြုသီလရှင်ကျောင်းတွင် ဘော်ဒါနေခဲ့ရသည်။ တက္ကသိုလ်ကျောင်းသူဘဝတွင်လည်း ရန်ကုန်မှာသာရှိခဲ့သည်။ ကျောင်းပိတ်ရက်များတွင်သာ မြစ်ဝကျွန်းပေါ်ပိုင်းသို့ ရောက်ရသည်။ အထူးသဖြင့် ပုသိမ်မြို့သည် သူ့အတွက် မွေးရပ်ဇာတိလို မကြာခဏ ရောက်ရှိရသော နေရာဖြစ်လေသည်။

**ဆက်လက်ဖော်ပြပါမည်။**

**"ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ပြတင်းပေါက်ဆီသို့ တိုးသွားသည်။ ပြတင်းတံခါးမှန်မှတစ်ဆင့် မြင်နေရသော ပြင်ပရှုခင်းကို ကြည့်မိသည်။ ပြင်ပတွင် လရောင်သည် ထွန်းလင်းသာယာဆဲ ရှိလေသည်။ သည်မှာက လူစုံနေလေပြီ။ မိမိနှင့် ပတ်သက်သောသူဟူသမျှ သည်မှာရောက်နေရလေပြီ။ ဦးခင်မောင်ညွန့်၊ ဒေါ်ဝင်းရီ၊ ဗိုလ်မှူးညိုထွန်း၊ နန်းကိန္နရီ စသည်ဖြင့် မိမိနှင့်အတူ တမ်းဆွတ်ဖွယ်ရှိသည်တို့ကို ဝေမျှတမ်းဆွတ်ခဲ့ရသူ၊ ကြေကွဲစရာရှိလျှင် ဝေမျှကြေကွဲခဲ့ရသူတို့ အစုံအညီ ရှိနေကြလေပြီ။ သည်လို လူစုံတက်စုံရှိနေသည်ကို . . ."**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီး

မင်းသက်တင်

မြန်မာနိုင်ငံ၏ ရှေးဟောင်းတံတားတစ်စင်းဖြစ်ပြီး ကမ္ဘာကျော်တံတားလည်းဖြစ်သည်။

ရှမ်းတိုင်းရင်းသားသွေးချင်းတို့၏ ရှမ်းပြည်နယ်ဂုဏ်ဆောင် မြင်းခုံသဏ္ဌာန် ဂုတ်ထိပ်တံတားကြီးသည် ရှမ်းပြည်နယ် အနောက်မြောက်ပိုင်းတွင်ရှိပြီး ပြင်ဦးလွင်နှင့် လားရှိုးမြို့အကြားတည်ရှိသည်။ ယခုအချိန်အထိ နာမည်ကျော်ကြားလျက်ရှိသည့် မြန်မာနိုင်ငံ၏ အမြင့်ဆုံးတံတား၊ ကမ္ဘာ့မြင်းခုံးမီးရထားတံတားများအနက် ထိုအချိန်က အကြီးဆုံး မီးရထားသံလမ်းတံတား (မြင်းခုံးတံတား)အဖြစ် ယနေ့တိုင်ကမ္ဘာ့မှတ်တမ်းဝင်လျက်ရှိသည်။

မန္တလေး-လားရှိုးလမ်း၊ နောင်ချိုဘူတာအလွန် ခုနစ်မိုင်အကွာတွင်တည်ရှိသည်။ ၁၈၉၉ ခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင် စတင်တည်ဆောက်ပြီး ၁၉၀၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့၌ ပြီးစီးကာ ဖွင့်လှစ်နိုင်ခဲ့သော်လည်း ၁၉၀၃ ခုနှစ်မှသာ စတင်အသုံးပြုခဲ့ခြင်းဖြစ်သည်။

ဂုတ်ထိပ်တံတားကြီး၏ အရှည်မှာ ပေ ၂၂၆၀ ရှိပြီး သံမဏိတိုင်ကြီး ၁၆ ခုဖြင့် ခက်ခက်ခဲခဲ တည်ဆောက်ခဲ့ရခြင်းဖြစ်သည်။ သံတိုင်များသည် ၁၂၃၉ ပေရှိပြီး နှစ်ဆင့်တိုင်ကြီးမှာ ၇၉ ပေရှိကာ သံမှိုပေါင်း ၁၀ သန်းဖြင့် တပ်ဆင်တည်ဆောက်ထားခြင်း ဖြစ်ကြောင်းသိရသည်။

တံတားကြီးသည် မြေအောက်ဖောင်ဒေးရှင်းမှ အမြင့်ပေ ၈၂၀ ရှိသော်လည်း မြေပြင်မှအမှန်တကယ် မြင်ရသည့် အမြင့်ပေမှာ ၃၃၅ ပေရှိသည်။



ဂုတ်ထိပ်တံတားကြီးသည် မန္တလေးမှ ကွမ်းလုံမီးရထားလမ်းရှိ နောင်ချိုဘူတာအလွန်တွင် မီးရထားမိုင်တိုင်အမှတ် ၄၆၃/၀-၉ ရှိသော ကျောက်ဂူကြီးပေါ်သို့ဖြတ်၍ တောင်ထိပ်နှစ်ခုကို ဆက်သွယ်ထားသည်။ ဂုတ်ထိပ်တံတားကြီးဆောက်လုပ်မှုကို အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားနှင့် မေရီလန်းတံတားဆောက်လုပ်ရေးကုမ္ပဏီကို ငှားရမ်းဆောက်လုပ်ခြင်းဖြစ်ပြီး မြန်မာကျပ်ငွေ ၁၆၈၂၀၀ ကုန်ကျခဲ့ကြောင်း သိရသည်။

ဂုတ်ထိပ်တံတားကြီးသည် နမ္မတူသတ္တုတွင်း တူးဖော်ရေးလုပ်ငန်း၏ သယ်ယူပို့ဆောင်ရေးတွင် အရေးပါခဲ့သည်ဖြစ်၍ ဒုတိယကမ္ဘာစစ်ကြီးတွင် မဟာမိတ်တို့၏ ဖျက်ဆီးခြင်းခံခဲ့ရသော်လည်း သံတိုင်အမှတ် ၂ နှင့် ၅ သာ ပျက်စီးခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံမှ ဆုတ်ခွာပေးရသည့် ဂျပန်တို့ကလည်း တံတား၏ အမြင့်ဆုံးတိုင်များဖြစ်သည့် သံတိုင်အမှတ် ၉၊ ၁၀၊ ၁၁ နှင့် ၁၂ တို့ကို အောက်ခြေမှစ၍ ဗုံးဖောက်ခွဲကာဖျက်ဆီးခဲ့ပြန်သည်။ သံတိုင် ၉ မှာ အနည်းငယ်ပျက်စီးပြီး သံတိုင်အမှတ် ၁၀ နှင့် ၁၂ တို့မှာ ပြိုလဲခဲ့ရသည်။ သံတိုင်အမှတ် ၁၁ မှာ အောက်ခြေမှ ပျက်သော်လည်း တိုင်မလဲဘဲရှိနေခဲ့သည်။ သို့သော် ထိုတိုင်များပေါ်ရှိ ပေ ၁၂၀ စီ ရှည်လျားသော ပေါင်းကူးသံပေါင်လေးခုမှာ မြေပြင်သို့ လျှောကျခဲ့ရသည်။

လွတ်လပ်ရေးရပြီးချိန်တွင် မြန်မာနိုင်ငံ မီးရထားဌာနက ပြန်လည်ပြင်ဆင်ခဲ့ရာ ၁၉၄၈ ခုနှစ် မေလတွင် စတင်ပြင်ဆင်ခဲ့သော်လည်း ပစ္စည်းရှားပါးမှု၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုတို့ကြောင့် ၁၉၅၁ ခုနှစ် ဩဂုတ်လအတွင်းမှသာ ပြီးစီးခဲ့လေသည်။ ပြန်လည်ပြုပြင်မှုအဖြစ် မြန်မာကျပ်ငွေ ၃၂ သိန်းကျသင့်ခဲ့သည်။

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါနယ်တွင် ရှမ်းဘာသာဖြင့် ဟိုကွတ်ဟုခေါ်သောရွာရှိသည်။ ဗြိတိသျှတို့က ရှမ်းပြည်နယ်၏ အုပ်ချုပ်ရေးကို စီမံခန့်ခွဲသော ၁၈၉၈ ခုနှစ်ခန့်က ထိုရွာမှ ရွာပေါင်း ၄၈ ရွာကို ကြီးမှူးရသည့် တိုက်နယ်ဗဟိုဌာနဖြစ်သည်။

ထိုရွာကို မြန်မာတို့က ငုတ်ထိပ်ဟုခေါ်ကြသည်။ ဟိုကွတ်နှင့် ငုတ်ထိပ်ဟူသောအခေါ်မှာ ထိုနေရာဒေသတွင် မြစ်ချောင်းများ ငုပ်လျှိုးပျောက်ကွယ်သွားမှုကြောင့် ခေါ်ဆိုကြခြင်းဖြစ်သည်။

အဆိုပါရွာအနီးတွင် နမ်းပဆေးမြစ်သည် မြေကြီးအတွင်းသို့ ထိုးဝင်စီးဆင်းပြီးနောက် အခြားတစ်နေရာတွင် မြစ်ကြောင်း ပြန်ပေါ်လာခြင်းဖြစ်သည်။ ကာလရွေ့လျောလာသဖြင့် ငုတ်ထိပ်ကို ဂုတ်ထိပ်ဟု အများကခေါ်ဝေါ်လာကြရာမှ ဂုတ်ထိပ်ဟု ဖြစ်လာရသည်။ ဂုတ်ထိပ်သည် နမ်းပဆေးမြစ်ကြောင့် ထင်ရှားခဲ့သည်မဟုတ်။ ကမ္ဘာပေါ်တွင် အမြင့်အားဖြင့် ဒုတိယဖြစ်သော ကမ္ဘာကျော် ဂုတ်ထိပ်တံတားကြောင့် ပိုမိုထင်ရှားလာခြင်းဖြစ်သည်။

ရှမ်းတိုင်းရင်းသား သွေးချင်းတို့၏ ရှမ်းပြည်နယ်တွင် တည်ရှိသည့် ဂုတ်ထိပ်တံတားသည် နည်းပညာအဆင့်မြင့်မှုနှင့် သဘာဝပတ်ဝန်းကျင်လှပမှုတို့ကြောင့် ခေတ်အဆက်ဆက် ထင်ရှားကျော်ကြားလာသည့် တံတားဖြစ်ကာ ကမ္ဘာ့အံ့ဖွယ်စာရင်းတွင် ပါဝင်ခဲ့မှုသည် နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်ယူဖွယ်ရာ သမိုင်းအမွေအနှစ်တစ်ခုပင်ဖြစ်ပေသည်။ သို့ဖြစ်သောကြောင့် ယနေ့ထိတိုင်မြန်မာနိုင်ငံ၏ အမြင့်ဆုံးတံတား၊ ထိုအချိန်က ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတား (မြင်းခုံးတံတား)ကြီးအဖြစ် ကမ္ဘာ့မှတ်တမ်းဝင်နေဆဲပင် ဖြစ်ပါကြောင်း မှတ်တမ်းပြုဖော်ပြလိုက်ပါသည်။ ။

# တိုင်းရင်းသားရိုးရာစကားထာဥာဏ်စမ်းများ

တက္ကသိုလ်သျှင်ရတနာ

**မွန်တိုင်းရင်းသားစကားထာ**

ရှေးလွန်လေပြီးသောအခါက ရာမညတိုင်းအတွင်း ကျေးရွာတစ်ရွာရှိ သူငယ်ချင်းနှစ်ဦးဖြစ်သည့် ဗညားနှင့် လဂွန်းအိမ်တို့သည် ရွာဦးကျောင်း၌ စာပေ၊ ကျမ်းဂန်များကိုသင်ယူလျက်ရှိသည်။

မွန်တိုင်းရင်းသားဆရာတော်ကြီးထံတွင် ကျောင်းအိပ်ကျောင်းစားပညာဆည်းပူးနေကြသူများဖြစ်ရာ ပညာကိုလိုလားပြီး စာကြိုးစားသူများလည်းဖြစ်သည်။ အားလပ်ချိန်များတွင် ဘုန်းကြီးကျောင်းတောင်ဘက်ရှိ မန်ကျည်းပင်ကြီးအောက်တွင် ဆော့ကစားလေ့ရှိသည်။

"ဗညားရေ စကားထာဉာဏ်စမ်းမေးချင်တယ်ကွာ"

လဂွန်းအိမ်က မြက်ခင်းစိမ်းစိမ်းများပေါ်သို့ လဲလျောင်းရင်း ပြောလိုက်သည်။

"မေးလေ၊ အဆင်သင့်ပဲ"

ဗညားက အဝေးသို့ငေးကြည့်နေရင်းပြန်ပြောသည်။

"မေးပြီနော်။ 'ခေါင်းကသစ်သား၊ ကိုယ်ကဇာ၊ ဆံပင်ကကြိုး၊ ခြေထောက်ကသံ' အဲဒါ ဘာကိုဆိုလိုတာလဲ။ ဖြေပေတော့ သူငယ်ချင်းရေ"

"လဂွန်းအိမ်ရာ မင်းရဲ့ မေးခွန်းကလည်း အဆန်းပဲ။ စဉ်းစားရမှာပေါ့ကွာ"

ဗညားတစ်ယောက် မန်ကျည်းပင်ကြီး၏ပင်စည်ကို ကျောမှီထိုင်လိုက်ရင်း စဉ်းစားခန်းဝင်တော့သည်။

"အဖြေကရှိပြီးသား ဗညားရေ .. မင်းစဉ်းစားလို့မရရင် ပန်းပေးလိုက်ပေါ့ကွာ ဟင်း ဟင်း ဟင်း"

လဂွန်းအိမ်၏စကားကြောင့် ဗညားတစ်ယောက် အခံရခက်နေသည်။ ဖွဲမလျှော့ဘဲ စဉ်းစားရင်းဖြင့် တဖြည်းဖြည်းပြုံးယောင်သန်းလာသည်။

"သူငယ်ချင်းရယ်...စဉ်းစားရင် ဘာမေးခွန်းမဆို အဖြေကထွက်ပါတယ်။ မင်းမေးတဲ့ မေးခွန်းက မွန်တိုင်းရင်းသားရိုးရာစကားထာတွေထဲကပဲ။ အဖြေက 'ပိုက်ကွန်'လေ၊ လူ့ရဲ့ခန္ဓာကိုယ်နဲ့ ခိုင်းနှိုင်းထားတာပေါ့ကွာ။ ဟုတ်တယ်နော်"

ဗညားက အဖြေကို ပီပီပြင်ပြင်ဖြေလိုက်ရာ လဂွန်းအိမ်တစ်ယောက် အသံတိတ်သွားတော့သည်။

"ငါမေးရမယ့် အလှည့်ပဲ။ စဉ်းစားပေတော့ လဂွန်းအိမ်ရေ"

"မေးမှာသာ မေးပါကွာ"

"မေးပြီသူငယ်ချင်းရေ၊ 'လူသုံးဦး တစ်အိမ်တည်းနေပြီး တစ်ဦးနဲ့တစ်ဦး ရန်ဖြစ်ရိုက်ပုတ်ခြင်းမရှိကြ'ဆိုတာ ဘာကိုပြောတာလဲ"

ခုတစ်ခါခေါင်းကုတ်လိုက်ရသည်က လဂွန်းအိမ်။ ဖျစ်ညှစ်စဉ်းစားသော်လည်း အဖြေကား ချက်ချင်းမထွက်နိုင်ဖြစ်နေရသည်။

"ဘယ်လိုလဲ၊ ဟိုသီချင်းထဲကလို စဉ်းစားကာ နေရဦးမယ်.. ဆိုတာပဲလား၊ သူငယ်ချင်းရေ" အကြံအိုက်နေသည့် လဂွန်းအိမ်ကို ဗညားက မထိတထိပြောလိုက်ခြင်းဖြစ်သည်။

"အဲဒါကို နောက်မှ ငါဖြေမယ်လေ။ မေးခွန်းတစ်ခု မေးလို့ရမလား"

"နိုးနိုး..သူငယ်ချင်း၊ အဖြေမပေးရသေးဘဲ နောက်မေးခွန်းမေးတာလက်မခံနိုင်ပါဘူးဗျာ။ အဖြေကိုသာ အရင်ဖြေပါ သူငယ်ချင်းရာ၊ အချိန်ကလည်း စေ့တော့မှာ"

လဂွန်းအိမ်၏စကားကို ဗညားကလက်မခံသဖြင့် လဂွန်းအိမ်တစ်ယောက် အဖြေကိုမရမကစဉ်းစားကာ ဖြေရတော့သည်။

"ဒါဆိုလည်း ဖြေရသေးတာပေါ့။ ဟင်း ဟင်း ဟင်း။ အဖြေကရှင်းပါတယ် ဗညားရာ။ ကဲ ဖြေပြီနော်။ အဖြေက... 'ဖိုခုံလောက်'ဆိုတဲ့ မီးဖိုချောင်သုံးပစ္စည်းတစ်မျိုးပေါ့။ မွန်တိုင်းရင်းသား စကားထာထဲကပဲလေ။ ဖိုခုံလောက်ဆိုတာ သုံးဘက်ဆိုင်နေတာကို ပြောတာဖြစ်ပြီး သုံးဘက်ဆိုင်မီးဖိုကိုခေါ်ဆိုတာဖြစ်တယ်"

လဂွန်းအိမ်ဖြေလိုက်သည့်အဖြေက တိကျသေချာမှုကြောင့် ဗညားတစ်ယောက်မျက်လုံးပြူးသွားသည်။

"တော်ပါပေတယ် သူငယ်ချင်း၊ ငါတစ်ခုမေးဦးမယ်"

"မေးလေ ဗညား၊ မေးပါ"

"မေးချင်တာကတော့ 'ကကြီးပေါ် လတက်'ဆိုတာ ဘာကိုပြောတာလဲ၊ ဖြေပေးပါဦးသူငယ်ချင်း"

လဂွန်းအိမ်က ယင်းမေးခွန်း၏အဖြေကို သိနေသည်လားမသိ။ သိပ်ပြီးစဉ်းစားဟန်မရှိဘဲ မြက်ခင်းစိမ်းစိမ်းများကို လက်ဖြင့်တို့ထိပြီး ဖြည်းဖြည်းချင်းပြန်ဖြေလိုက်သည်။

"အဖြေက 'ကုလားတက်'ပေါ့။ မွန်တိုင်းရင်းသားရိုးရာစကားထာတွေထဲကပါပဲ။ ကုလားတက်ဟာ မွန်စကားဖြစ်ပြီး တက်ရဲ့အနက်အဓိပ္ပာယ်က ရိုက်နှက်တယ်လို့ခေါ်တယ်"

"မှန်လိုက်တာ သူငယ်ချင်းရာ"

ထိုအချိန်တွင် ဘုန်းကြီးကျောင်းမှ နာရီသံချောင်းခေါက်သံ နှစ်ချက်ထွက်ပေါ်လာရာ မွန်းလွဲပိုင်းစာအံချိန်အတွက် အချက်ပေးသည့် သံချောင်းခေါက်သံဖြစ်သဖြင့် ဗညားနှင့် လဂွန်းအိမ်တို့ သူငယ်ချင်းနှစ်ဦး ဘုန်းကြီးကျောင်းပေါ်သို့ အပြေးတက်သွားကြတော့သည်။ ။

# ဝတ္ထုတို သစ်ပုပ်ပင်ကြီးသက်သေတည်

ကောင်းစစ်လင်း

**သင်ယူအားကြိုး၊ သုတတိုး၏၊ ပြည့်ဖြိုးသုတ၊ ယှိတုံကမူ၊ ပွားထစ်ရွှေ၊ ထိုပညာဖြင့်၊ နိဗ္ဗာန်တိုင်အောင်၊ ချမ်းသာဆောင်၏။**

**မဃဒေဝလင်္ကာ**

"ဖေဖေ သမီးမာစတာဆက်တက်ခွင့်ရတယ်"

"ကောင်းတာပေါ့ကွယ်။ ဒါမှ ဖေဖေ့သမီး"

လက်သီးလက်မောင်းတန်းကာ အပျော်လွန်သွားမိသည်။ သမီး၏စကားက ဝမ်းသာလုံးဆို့စေသည်။ သမီးပျော်နေမည်မှာ သေချာသည်။ ဖခင်ဖြစ်သူကျွန်တော်လည်း ပျော်ရသည်။ သူ့မိခင်ဆိုလျှင်ဖြင့် ဆိုဖွယ်ရာမရှိ။

"ဖေဖေ ဘာတွေစဉ်းစားနေတာလဲ၊ သမီးမာစတာဆက်တက်မှာကို မလိုလားတာလားပြော"

"အိုကွယ်၊ မဟုတ်ရပါဘူးသမီးရယ်။ ဖေဖေက သမီးကို ဘာလက်ဆောင်ပေးရမလဲ စဉ်းစားနေတာပါ"

"မလိုပါဘူးဖေဖေ သမီးမှာပြည့်စုံနေတာပဲ။ လိုတာမှန်သမျှ ဖေဖေပဲ ဖြည့်ဆည်းပေးနေတာလေ"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ သမီးရယ်။ သမီးကို ကားအသစ်ချိန်းပေးရမလားလို့"

"ကားက ရှိပြီးသားပဲဖေဖေရာ"

သမီးက ပျာပျာသလဲငြင်းရှာသည်။ သမီး တက္ကသိုလ်တက်စဉ်က ဟွန်ဒါဖစ်ကားလေး ဝယ်ပေးထားသည်။ လေးနှစ်ခန့်စီးထားပြီးဖြစ်၍ အသစ်တစ်စီးဝယ်ပေးလိုခြင်းဖြစ်သည်။ သမီးကို နားလည်အောင် ပြောရပေဦးမည်။

"ဒီလိုရှိတယ်သမီး၊ ခုကားက လေးနှစ်တောင်စီးထားပြီးပြီလေ။ ခုချိန်မှာ သမီးက မာစတာဆက်တက်ရမှာဆိုတော့ ကားကောင်းကောင်းစီးဖို့လိုလာတယ်။ လူတိုင်းနီးပါးစီးနေကြတဲ့ ဟွန်ဒါဖစ်နေရာမှာ ဘရန်းမြင့်တဲ့ မာစီးဒီးလိုကားမျိုး သမီးကိုစီးစေချင်တယ်။ ဒါက ဖေဖေ့ရဲ့စေတနာပါ။ ဖေဖေ့စည်းစိမ်တွေဟာ သမီးတစ်ယောက်တည်းအတွက်ပဲလေ။ သမီးမသုံးရင် ဘယ်သူသုံးမှာလဲကွယ့်"

သမီးက နားစွင့်နေသည်။ ခဏငြိမ်နေရာမှ ဖြည်းဖြည်းချင်းပြန်ပြောသည်။

"ဖေဖေရယ် သမီးအတွက်က အဲဒီလောက် မလိုပါဘူး"

"ဖေဖေ့ကို မတားတော့နဲ့နော်၊ ဒီရက်ထဲပဲ သမီးအတွက်စီစဉ်လိုက်တော့မယ်"

သမီးကဘာမျှပြန်မပြောတော့။ ကျွန်တော်လည်း သမီးကိုနှုတ်ဆက်ကာ အပြင်ထွက်လာခဲ့သည်။ မာစတာတက်ခွင့်ရသည့်အကြောင်း သမီးပြောလိုက်သည့်စကားသံကို စတင်ကြားရစဉ်ကတည်းက အတိတ်ကို အပြေးအလွှားသတိရမိသွားသည်။

ခင်မိမိမုန်းဟုအမည်တွင်သည့် မော်လမြိုင်သူ ဥစ္စာပေါရုပ်ချော အင်္ဂလိပ်စာမေဂျာကွင်းအဖြစ် ထင်ရှားသည်။

တက္ကသိုလ်တွင် ထင်ပေါ်သူဖြစ်ခြင်းကြောင့် ချူလိုသူတွေဝိုင်းဝိုင်းလည်ခဲ့သူဖြစ်သည်။ မုန်းနှင့်စတင်သိကျွမ်းရသည်က အထူးအဆန်းတော့ မဟုတ်။ ကဗျာရူးစာရူးကျွန်တော်က သူငယ်ချင်းများနှင့် စုပေါင်းကဗျာစာအုပ်လေးများ ထုတ်ကာ အတန်းဖော်သူငယ်ချင်းများကို လိုက်လံရောင်းချရာက မုန်းကိုရင်းနှီးခွင့်ရခဲ့ခြင်းဖြစ်သည်။

"ကဗျာဆရာကြီးက ရေးတတ်တယ်နော်"

ကျွန်တော်နှင့်မုန်း စတင်ဆုံစည်းရာ ပထမဆုံးစကားတစ်ခွန်းပင်။ နောက်ပိုင်းမှာ ကဗျာကိုမြတ်နိုးသော၊ ချစ်သော မုန်းနှင့် ကျွန်တော် ပိုမိုခင်မင်ခွင့်ရရှိကာ ချစ်သူများအဖြစ်သို့ပင်ရောက်ရှိခဲ့လေသည်။

"မုန်း မာစတာတက်ခွင့်ရတယ်။ ပျော်လိုက်တာကိုရယ်၊ ရန်ကုန်မှာ ဆက်နေနိုင်သွားတာပေါ့။ ဝမ်းသာလိုက်တာ၊ ကိုရော ဝမ်းမသာဘူးလားဟင်"

မုန်းပြောခဲ့သည့်စကား ဝမ်းသာရကြောင်းပြောဖြစ်ခဲ့ပေမယ့် တာရှည်ဝမ်းမသာလိုက်ရ။ မုန်းကို မုန်း၏ မိဘများက သဘော်သားတစ်ယောက်နှင့် စေ့စပ်ပေးခဲ့လို့ပဲဖြစ်သည်။ ရင်မှာ ကြေကွဲခဲ့ရသည်။

"ကိုရယ် စေ့စပ်ထားတာပဲ လက်ထပ်တာမှမဟုတ်တာ။ မုန်းကို သူပိုင်လို့မရပါဘူး။ ရန်ကုန်မှာကျောင်းဆက်မတက်ရမှာစိုးလို့သာ မေမေတို့အလိုကျ လက်ခံလိုက်ရတာပါ။ မုန်းလေ ကျောင်းပြီးသွားရင် ကို့ကိုပဲ လက်ထပ်မှာနော်"

မုန်းပြောခဲ့သည့်စကား။

သမီးက မာစတာဆက်တက်ခွင့်ရသည်ဟု ပြောလိုက်စဉ်ကတည်းက မုန်းကိုမြင်ယောင်မိသည်။ ဘယ်လိုများ မေ့နိုင်မှာလဲဟူသည့်အတွေးက ကျွန်တော့်ကို စိုးမိုးနေတော့သည်။

မုန်းစေ့စပ်ပြီးကတည်းက ကျွန်တော် မုန်းကို ခပ်ခွာခွာသာနေဖြစ်သည်။ မာစတာဆက်တက်ခွင့်ရသည့်တိုင် ကျွန်တော်ဆက်မတက်ဖြစ်။ မုန်းနှင့် နီးစပ်လွန်းလျှင် လူမှုရေးအရ ပြဿနာဖြစ်နိုင်သည့်အတွက် ကျောင်းဆက်မတက်ဖြစ်ဘဲ လုပ်ငန်းခွင်သို့ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ တဖြည်းဖြည်းနှင့် မုန်းနှင့် ဝေးမှန်းမသိ ဝေးလာခဲ့ရသည်။

"ခွင့်လွှတ်ပါ မုန်းရယ်။ မပြောတော့ဘူးလို့ တွေးထားခဲ့ရတဲ့ ကိုယ့်ဘဝဇာတ်ကြောင်းကို မဝေးတော့တဲ့ တစ်နေ့တော့ ပြန်ပြောဖြစ်တော့မှာပါ။ နှစ်ပေါင်းများစွာ ဝေးကွာနေကြပြီး ရင်ခုန်သံတွေရပ်တန့်နေပြီးခါမှ အသစ်တစ်ဖန် ပြန်လည်မွေးဖွားလာရပါပေါ့လားကွယ်"

စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များ ခင်းကျင်းပြသထားရာ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်းကို သမီးဖြစ်သူနှင့်ရောက်ရှိစဉ်က သမီးက ကျွန်တော် ကြိုက်နှစ်သက်သည့် မွန်ထမင်းဟင်းများ ရောင်းချရာ မွန်တိုင်းရင်းသားစားသောက်ဆိုင်တွင် ထမင်းလိုက်ကျွေးရာမှ မုန်းနှင့်ပြန်ဆုံတွေ့ရသည့် ကာလတုန်းက ရင်ခုန်လှိုက်မောစွာဖြင့် ရင်ထဲမှသာပြောဖြစ်လိုက်သော ကျွန်တော်၏စကားများပင်။ ထိုအချိန်က မုန်းပေးခဲ့သည့် လိပ်စာကတ်လေးကို တိုက်ပုံအိတ်ကပ်ထဲသို့ ထည့်လိုက်မိသည့်တိုင် သမီးအလစ်တွင် မသိမသာစမ်းကြည့်နေမိရာက ခုများတော့လည်း အဆက်အသွယ်ရရှိနေပြီဖြစ်သည်။

"ဖေဖေရေ မာစီးဒီးကားအသစ်က အတော်ငြိမ့်တာပဲ။ ဘယ်မောင်းဆိုတော့ မောင်းရတာလည်း ပိုကောင်းသလိုပဲနော်"

"ဒါပေါ့သမီးရယ်။ ဘရန်းမြင့်တယ်ဆိုတာ အလကားမြင့်တာမှ မဟုတ်တာ။ ဒီကားမျိုးက မြန်မာပြည်မှာကို သိပ်ရှိတာမဟုတ်ဘူး၊ ဂျာမနီမှာကိုက အကန့်အသတ်နဲ့ထုတ်တာ၊ အဲဒါကြောင့် သမီးကိုစီးစေချင်တာ။ ဂုဏ်သိက္ခာအရရော၊ စီးရတာ၊ မောင်းရတာရော ပြိုင်ဘက်ရှားတယ်သမီးရေ။ နောက်ပြီး သမီးရဲ့ အောင်မြင်မှုအတွက် ဂုဏ်ပြုတာ။ ဖေဖေတောင် မာစတာကို ဆက်တက်နိုင်တာမဟုတ်ဘူးလေ။ သမီးက ဖေဖေ့ဂုဏ်ကိုမြှင့်တင်ပေးတာပဲ၊ ဖေဖေတော့ ဝမ်းသာတယ်ကွယ်"။

"ဖေဖေရေ ဖေဖေထပ်ပြီးဝမ်းသာမယ့်စကား ပြောရဦးမယ်"


"ဟေ ဟုတ်လား ပြောပါဦးကွယ်"

သမီးက ဘာများပြောမှာပါလိမ့်ဟု ဆက်မတွေးရဲအောင်ဖြစ်ရသည်။ သမီးရည်းစားရနေပြီများပြောလေမလား၊ သမီးအိမ်ထောင်ပြုတော့မည်များပြောလေမလားဟူသည့်အတွေးက ကျွန်တော့်အတွက် ဝမ်းသာစရာ၊ ပျော်ရွှင်နိုင်စရာ မဟုတ်ကြောင်းကိုတော့ သမီးသိလောက်ပါရဲ့ဟု ဖြေတွေးတွေးနေမိသည်။

"ဖေဖေ့သူငယ်ချင်း ဒေါ်ခင်မိမိမုန်းလေ သမီးတို့ကျောင်းမှာ ပါချုပ်အဖြစ်နဲ့ရောက်လာတယ်"

"ဩော် ဟုတ်လား။ ဝမ်းသာစရာပဲပေါ့"

ကျွန်တော်တကယ်ပင်ဝမ်းသာလိုက်မိသည်။ တက္ကသိုလ်မြေမှာ မုန်းကို ပြန်တွေ့ခွင့်ရရပေဦးမည်။



မုန်းနှင့်အတူ အင်းလျားက ဘူးသီးကြော်ဆိုင်မှာ ထိုင်ခွင့်ရနိုင်သေးသည်။ အဓိပတိလမ်းမှာ လျှောက်လှမ်းခွင့် ရရှိနိုင်သေးသည် မဟုတ်ပါလား။

"သင်ယူအားကြိုး၊ သုတတိုး၏၊ ပြည့်ဖြိုးသုတ၊ ယှိတုံကမူ၊ ပွားထစ်ရွှေ၊ ထိုပညာဖြင့်၊ နိဗ္ဗာန်တိုင်အောင်၊ ချမ်းသာဆောင်၏။"

တက္ကသိုလ်တက်စဉ်က ဖတ်မှတ်သိခွင့်ရခဲ့သည့် မဃဒေဝလင်္ကာလေးကို အလိုလိုရွတ်ဆိုလိုက်မိသည်။ သမီး၏ပညာရေးကဏ္ဍတွင် အောင်မြင်ပေါက်မြောက်မှုကြောင့် သမီးကိုလိုက်ပါပို့ဆောင်ရင်း တက္ကသိုလ်ရေမြေကိုခြေချခွင့်ပြန်လည်ရရှိလာကာ စိတ်၏ချမ်းသာမှု၊ လန်းဆန်းမှုတွေရရှိသကဲ့သို့ ငယ်ကျွမ်းဆွေနှင့်လည်း စကားလက်ဆုံကျနိုင်မည်ဖြစ်ရာ ကျွန်တော်လည်း လေပြည်ထဲတွင် ငယ်ရုပ်ဆင်နိုင်ပေဦးမည်ဖြစ်သည်။

တက္ကသိုလ်ကြီးတွင် ဆုံခဲ့ကြုံခဲ့ ချစ်ခဲ့ကြရသည့် ကျွန်တော်၏သမိုင်းမှတ်တမ်းများအတွက် သစ်ပုပ်ပင်ကြီးက သက်သေရှိနေပြီးသားဟုသာ ကိုယ့်ကိုယ်ကိုယ်အားပေးနေမိသည့် အတွေးနှင့်ပင် ကြည်နူးကျေနပ်နေမိတော့သည်။ ။

# ဆလုံတိုင်းရင်းသားလူမှုဘဝ

မနုဿဝင်းမော်

## တေးဂီတနှင့်တူရိယာ

ဆလုံတိုင်းရင်းသားသွေးချင်းတို့၏ ရိုးရာတူရိယာများမှာ ဗုံတို၊ ပလွေ၊ ဝါးဆစ်တိုတို့ဖြစ်ကြောင်း သိရသည်။ ယင်းတူရိယာများအနက် "ဗုံတို" ပြုလုပ်ပုံအဆင့်ဆင့်မှာ မာသောသစ်သားကို အခေါင်းထွင်းကာ ကြိုးကြိမ်များဖြင့် ရစ်ပတ်၍ မျက်နှာတစ်ဖက်ကို သားရေဖြင့် ပိတ်ထားခြင်းဖြင့် ဗုံတိုကိုပြုလုပ်ကြသည်။

မျောက်ညို၏သားရေဖြင့် ဗုံတို၏မျက်နှာစာကို ပြုလုပ်ထားခြင်းဖြစ်ပြီး ယင်းရိုးရာဗုံတိုကို အမျိုးသားတို့က တီးခတ်ကြကြောင်း သိရသည်။

"ပလွေ" သည် မြန်မာပလွေကဲ့သို့ ရိုးရိုးဝါးပလွေဖြစ်သည်။

"ဝါးဆစ်တို"ကို မိမိတို့နှစ်သက်ရာ ဝါးဖြင့်ပြုလုပ်ကြသည်။ နှစ်ဖက်ပိတ်ဝါးဖြစ်ကာ ဝါးလုံးကိုသစ်သားဖြင့် စည်းချက်ညီညီရိုက်ခတ်ခြင်းဖြင့် တီးခတ်ကြလေ့ရှိသည်။

ဆလုံတိုင်းရင်းသားသွေးချင်းတို့သည် တေးသီချင်းဟူ၍ သီကုံးစပ်ဆိုထားခြင်း၊ သံစဉ်သတ်မှတ်ထားခြင်း၊ လေ့ကျင့်ထားခြင်းမျိုး တိတိကျကျမရှိကြောင်းလည်း သိရသည်။ မိမိတို့စိတ်ထဲရှိရာ ပတ်ဝန်းကျင်နှင့် မြင်တွေ့ ခံစားရသောအရာ၊ နေ့စဉ်ပြောဆိုနေကျအသုံးအနှုန်းတို့ကို သီချင်းအဖြစ်ပြုလုပ်ကာ သီဆိုကြခြင်းသာဖြစ်သည်။ သီချင်းတစ်ပုဒ်ကို အနေအထား၊ မြင်ကွင်း၊ အကြောင်းအရာ၊ အဖြစ်အပျက်နှင့် ခံစားချက်တို့ကိုလိုက်ကာ စကားပြောသကဲ့သို့ လက်တန်းစပ်ဆိုသွားနိုင်သည်ဟု သိရသည်။



ဆလုံတိုင်းရင်းသားတို့၏ ရိုးရာတူရိယာဗုံ။

ဆလုံတိုင်းရင်းသားတို့စပ်ဆိုသော တေးသီချင်းများမှာ နီးစပ်ရာလူမျိုးတို့၏အသံနှင့် ဆက်နွှယ်လျက်ရှိကြောင်း တွေ့ရသည်။ သာဓကအားဖြင့် ကော့သောင်းမြို့နယ်ရှိ ဆလုံတိုင်းရင်းသားတို့၏ တေးသံသည် ထိုင်းလူမျိုးတို့၏ အသံနှင့်ဆက်နွှယ်သကဲ့သို့ရှိပြီး အကမှာလည်း ထိုင်းရိုးရာ၊ မလေးရိုးရာအကများနှင့် ဆက်နွှယ်လျက်ရှိကြောင်း သိရသည်။

ဗုံတို၊ ပလွေ၊ ဝါးဆစ် စသည့်ရိုးရာတူရိယာတို့ကို ဆလုံတိုင်းရင်းသားသွေးချင်းတို့က အလုပ်အားလပ်သော အချိန်အခါမျိုးတွင် တီးခတ်ကြလေ့ရှိသည်။

အထူးသဖြင့် ညအခါလသာချိန်များ သို့မဟုတ် လမိုက်ချိန်တို့၌ တီးခတ်ကြသည်။ ထို့အပြင် စီးပွားရေးအောင်မြင်သည့် အချိန်အခါမျိုးတွင်လည်း ပျော်ရွှင်စွာဖြင့် သီဆို၊ တီးမှုတ်၊ကခုန်လေ့ရှိကြသည်။

ဆလုံတိုင်းရင်းသားသွေးချင်းတို့သည် နတ်ပွဲများကျင်းပချိန်တွင် နတ်ပူဇော်အကနှင့် နတ်ဝင်သည်အကများ ကကြသည်။ နတ်ပူဇော်ပွဲတွင် ဝက်သား၊ အမဲသား၊ မူးယစ်ဆေးဝါးများ ယူဆောင်မသွားရကြောင်း သိရသည်။ ယူဆောင်သွားပါက နတ်မဝင်ဟုယူဆကြပြီး နတ်ကလည်း ယင်းတို့ကို မနှစ်သက်ဟုယုံကြည်ကြသည်။

လူပုန်းနတ်တင်ရန် အစားအစာများကို နတ်မစားမီ စားသောက်ခြင်းမပြုရဘဲ နတ်ဖမ်းစားတတ်သည်ဟု ယူဆကြသည်။ သို့သော် ယူစားမိပါကလည်း နတ်အားတောင်းပန်ရကြောင်း သိရသည်။ နတ်ပူဇော်မှုနှင့်ပတ်သက်၍ ယုံကြည်မှု အယူအဆရှိမှုမှာ ရှေးကာလများစွာ၏ လက်ဆင့်ကမ်းအယူအဆအတိုင်းသာရှိသည်။ နတ်ကခြင်းကို နေ့ဘက်တွင်ပြုလုပ်ကာ စုပေါင်းကပွဲကို ညဦးပိုင်းတွင် မီးပုံပုံပြီး ကျင်းပလေ့ရှိသည်။

အချို့သော ဆလုံတိုင်းရင်းသားသွေးချင်းအမျိုးသားများက တူရိယာများကို တီးမှုတ်ကြပြီး အချို့သော ဆလုံတိုင်းရင်းသားသွေးချင်းအမျိုးသမီးများက ကခုန်ကြသည်။ အပျိုလူပျိုအကတွင် အပျိုလူပျိုအချင်းချင်း သီချင်းဆို၍ ကခုန်ကြလေ့ရှိကြောင်း ဆလုံတိုင်းရင်းသားသွေးချင်းတို့၏ ရိုးရာတေးဂီတ၊ တူရိယာနှင့် အကအခုန်များအဖြစ် မှတ်တမ်းပြုဖော်ပြလိုက်ရပါသည်။ ။

**ရည်ညွှန်း။ ။ ဆလုံတိုင်းရင်းသားများ၏ လူမှုစီးပွားရေးဘဝ၊ ပါမောက္ခဒေါ်တင်ရီနှင့်အဖွဲ့**

❖ အာဆီယံ ယူ-၁၈ မှ

ဩစတြေးလျနှင့် ထိုင်းပွဲမှာ သာမန်ပွဲကစားချိန် မိနစ် ၉၀ တွင် ဂိုးမရှိသရေကျနေသဖြင့် အချိန်ပို ဆက်လက်ယှဉ်ပြိုင်ကစားရာ ဩစတြေးလျအသင်းက အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဗိုလ်လုပွဲရောက်ရန် ကြိုးပမ်းခဲ့သော်လည်း ဆီမီးဖိုင်နယ်တွင် ဗီယက်နမ်ကို အရေးနိမ့်ခဲ့သဖြင့် တတိယနေရာရရန်သာ ကြိုးပမ်းရတော့မည်ဖြစ်သည်။ ထိုင်းအသင်းသည် အုပ်စုပွဲများတွင် သုံးပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ်ကိုးမှတ်ဖြင့် ဆီမီးဖိုင်နယ် တက်ရောက်လာခြင်းဖြစ်သည်။ မြန်မာနှင့် ထိုင်းအသင်းမှာ ခြေစွမ်းအရ ကွာခြားမှုမရှိသော်လည်း နိုင်ငံတကာအတွေ့အကြုံနည်းပါးသည့် မြန်မာကစားသမားများအနေဖြင့် စိုးရိမ်စိတ်မရှိဘဲ ရဲရဲတင်းတင်းကစားရန်လိုအပ်သလို ရရှိသည့်အခွင့်အရေး အသုံးချနိုင်မှသာ တတိယဆုရရှိမည်ဖြစ်သည်။

ကိုညီလေး

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၂၂ / ၂၀၂၂-၂၀၂၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L-069(22-23)CAP (Retender) | Pipe Fittings (2) Groups | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၄-၈-၂၀၂၂) ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား စွမ်းအင်ဝန်ကြီးဌာနဝက်ဆိုဒ်(**energy.gov.mm**)တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **(၁၈-၈-၂၀၂၂) ရက်နေ့ (၁၂:၀၀)နာရီ**တွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ (**လူကိုယ်တိုင်**) လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၂၀၆**

## သားအဖြစ်မှ စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ အမှတ်(၁၄/E)၊ ဘူတာရုံလမ်းနေ ဦးကျော်ကျော်နိုင်-ဒေါ်ခိုင်ဇင်ဝေ (ခ) ဒေါ်မိုးအေးတို့၏ သားကြီးဖြစ်သူ မောင်ရှင်းလူနိုင် [ ၁၂/အစန (နိုင်) ၂၂၃၈၀၉] အား ၁၁-၁၁-၂၀၂၁ ရက် ကြေးမုံသတင်းစာတွင် အမွေစား၊ အမွေခံ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းအား ထည့်သွင်းခဲ့ပါသည်။ အဆိုပါကြော်ငြာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါသည်။

**ဦးကျော်ကျော်နိုင် [၁၂/ဥကတ (နိုင်) ၁၅၅၂၂၂]**
**ဒေါ်ခိုင်ဇင်ဝေ (ခ) ဒေါ်မိုးအေး [ ၁၂/ ကတတ(နိုင်) ၀၁၈၃၀၇]**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄ အိပ်ချ်အိုင်၊ မြေကွက်အမှတ်-၁၆၀၊ (၀.၀၈) ဧက၊ မြေကွက်တည်နေရာအမှတ်-၁၆၀၊ စက်မှု (၃)လမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ (၁) ဒေါ်မြင့်ကြည် [၁၂/တမန(နိုင်)၀၃၅၀၅၀]၊ (၂)ဦးကျော်မင်း [၁၂/တမန(နိုင်)၀၃၅၀၄၂]၊ (၃) ဒေါ်ကျင်ထွေး [၁၂/တမန(နိုင်)၀၉၈၅၀၃]၊ အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား အမည်ပေါက် (၃) ဦးဖြစ်သော (၁) ဒေါ်မြင့်ကြည် [၁၂/တမန(နိုင်)၀၃၅၀၅၀]၊ (၂) ဦးကျော်မင်း [၁၂/တမန(နိုင်) ၀၃၅၀၄၂]၊ (၃) ဒေါ်ကျင်ထွေး [၁၂/တမန(နိုင်)၀၉၈၅၀၃] တို့မှ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဂရန်ပျက်စီးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ ၂၄-၅-၂၀၂၂ ရက်စွဲပါ နှစ်(၆၀)ဂရန် မူရင်းမှာ သိမ်းဆည်းထားရာမှ ခြကိုက်ခြင်းကြောင့် ပျက်စီးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာ၊ ဂရန်မိတ္တူ၊ ခြကိုက်ထားသော ဂရန်မူရင်းစာအုပ် အဖုံးတို့ကိုတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ဝက်စ်ဟမ်းအသင်းက ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား အိုနားနားကို ပေါင် ၃၃ ဒသမ ၅ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိ

ဝက်စ်ဟမ်းအသင်းဟာ လိုင်လီအသင်းမှ ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား အိုနားနားကို ပြောင်းရွှေ့ကြေးပေါင် ၃၃ ဒသမ ၅ သန်းနဲ့ ခေါ်ယူဖို့ သဘောတူညီမှုရရှိခဲ့ပြီဖြစ်တယ်လို့ သိရပါတယ်။

ဝက်စ်ဟမ်းအသင်းအနေနဲ့ အသက် ၂၀ အရွယ်ရှိ ကွင်းလယ်ကစားသမား အိုနားနားရဲ့ စာချုပ်ကိစ္စနဲ့စပ်လျဉ်းပြီး စာချုပ်ချုပ်ဆိုမှုပြီးစီးခြင်းမရှိသေးပေမယ့် ဝက်စ်ဟမ်းအသင်းနဲ့ ကစားသမားတို့အကြား ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီမှုတွေရရှိထားပြီဖြစ်တယ်လို့ သိရပါတယ်။

ဝက်စ်ဟမ်းအသင်းဟာ ဘန်လေအသင်းမှ မက်ဇ်ဝဲလ်ကော်နက်ကိုလည်း စာချုပ်ချုပ်ဆိုခေါ်ယူဖို့ စိတ်ဝင်စားနေပြီး မက်ဇ်ဝဲလ်ကော်နက်ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီအတွင်းက ဘန်လေအသင်းအတွက် ၂၆ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုးကိုးဂိုးအထိသွင်းယူပေးခဲ့သူလည်း ဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား အိုနားနားဟာ ၂၀၂၀-၂၀၂၁ ဘောလုံးရာသီမတိုင်မီက ဟမ်းဘတ်အသင်းမှာ ကစားခဲ့သူဖြစ်ပြီး ၂၀၂၁ ခုနှစ် ဩဂုတ်လမှာ ပြင်သစ်ပထမတန်းကလပ် လိုင်လီအသင်းကို ပြောင်းရွှေ့လာခဲ့သူ ဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား အိုနားနားဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက လိုင်လီအသင်းနဲ့ အတူ ပွဲစဉ်စုစုပေါင်း ၃၁ ပွဲ ပါဝင်ကစားပေးခဲ့ပြီး ပြီးခဲ့တဲ့ဘောလုံးရာသီက လိုင်လီအသင်းယှဉ်ပြိုင်ကစားခဲ့ရတဲ့ ချန်ပီယံလိဂ်ပွဲစဉ်အားလုံးမှာလည်း ပါဝင်ပွဲထွက်ကစားခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

လက်ရှိမှာ ဝက်စ်ဟမ်းအသင်းဟာ ကွင်းလယ်ကစားသမား အိုနားနားကို ခေါ်ယူဖို့ သဘောတူညီမှုရရှိထားပြီး ဖြစ်တာကြောင့် အိုနားနားဟာ ယခုအပြောင်းအရွှေ့ဈေးကွက်အတွင်း ဝက်စ်ဟမ်းအသင်းက ခေါ်ယူခဲ့တဲ့ ငါးဦးမြောက်ကစားသမားဖြစ်လာဖို့ ရှိနေတာဖြစ်ပါတယ်။

ငွေကြယ်




## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အောင်စည်ဟိန်းလမ်းသွယ်၊ (၁၈x၁၉)လမ်းကြား၊ (၈၈x၈၉)လမ်းကြား၊ ဦးပိုင်အမှတ်(၂၃-က)၊ အကွက်အမှတ်(၁၃၁)၊ တိုက်နံပါတ်(၁)၊ (၄)ခန်းတွဲ RC (၅)ထပ်အဆောက်အဦ၏ ပထမထပ်အခန်း၊ အခန်းအမှတ်(၉)၊ ဧရိယာ(၄၈၀)စတုရန်းပေရှိ တိုက်ခန်းနှင့်ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်ဝါဝါခိုင်[၉/မနတ(နိုင်)၀၆၈၀၆၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ဖြိုးသန္တာငြိမ်း [၅/ထခန(နိုင်)၀၆၉၈၁၂]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဖြိုးသန္တာငြိမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သူဇာကျော်**
**LL.B,D.B.L,D.I.L,D.I.P.L,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၂၆)**
**Ph-09-765602290**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော် (Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

# MNL ပြိုင်ပွဲတွင် မဟာယူနိုက်တက်အသင်း နိုင်ပွဲပြန်လည်ရရှိ

ရန်ကုန် ဩဂုတ် ၃

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၆) စတုတ္ထနေ့ကို ယနေ့တွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ မဟာယူနိုက်တက်အသင်းက ရတနာပုံအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး နိုင်ပွဲပြန်လည်ရရှိခဲ့သည်။

ရှုံးပွဲဆက်နေသည့် မဟာယူနိုက်တက်အသင်းသည် ရှုံးပွဲဆက်နေမှုကို ရပ်တန့်နိုင်ခဲ့ပြီး ဒုတိယမြောက်နိုင်ပွဲနှင့်အတူ တန်းဆင်းဇုန်အန္တရာယ်မှ ရုန်းထွက်နိုင်ရန် အခြေအနေကောင်းသွားသည်။

မဟာယူနိုက်တက်အသင်းသည် နိုင်ပွဲပြန်လည်ရယူနိုင်ရန်အတွက် ကျော်စွာမင်း၊ မျိုးမင်းဖြိုး၊ ကျော်စွာလင်း၊ အေဇင်မှူး **(ဂိုး)** တို့ဖြင့် ပွဲထွက်ခဲ့ပြီး ပွဲအစ လေးမိနစ်မှာပင် ဂိုးစတင်ရရှိခဲ့ပြီး မျိုးမင်းဖြိုးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ၄၅ မိနစ်တွင် ရတနာပုံအသင်း ချေပဂိုးပြန်ရခဲ့ပြီး ဘီဘီက သွင်းယူခဲ့ခြင်းဖြစ်သည်။ မဟာယူနိုက်တက်အသင်းအနေဖြင့် ၅၇ မိနစ်တွင် အနိုင်ဂိုးရရှိကာ မျိုးမင်းဖြိုးကပင် သွင်းယူခဲ့ခြင်းဖြစ်သည်။ မဟာယူနိုက်တက်အသင်းသည် ခြောက်ပွဲကစားနှစ်ပွဲနိုင်၊ လေးပွဲရှုံး ခြောက်မှတ်၊ ရတနာပုံအသင်းက ခြောက်ပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံး ခုနစ်မှတ် ရရှိထားသည်။

**ကိုညီလေး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၄၇၂) ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀'x၆၀')ရှိ အမည်ပေါက် ဒေါ်ပြုံးပြုံးမြင့်[၁၂/သဃက(နိုင်)၁၁၄၇၈၅]နှစ်(၆၀)မြေငှားဂရန်၏ မြေကွက်အား ၎င်းအမည်ပေါက်ထံမှ အရောင်းအဝယ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးသန့်ဇော်ဝင်း [၁၄/မမက(နိုင်)၁၁၃၃၈၉]မှ ညီဖြစ်သူ ဦးထက်မြက်သူ [၁၄/မမက(နိုင်)၁၇၆၁၀၇]အား GP လွှဲပြောင်းရရှိထား၍ တရားဝင်ဝယ်ယူလက်ဝယ်ပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ကြောင်း အဆိုပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ၎င်းထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အထက်ပါမြေကွက်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါအရောင်းအဝယ်ကိစ္စရပ်အား ပြီးဆုံးသည်အထိ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တင်တင်ဌေး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၁၈၂၂)**
**အမှတ်(၆၂၇)၊ စောခွန်ရစ်လမ်း၊ ၄၉-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၆၁၈၀၅၄၆**

**ဒေါ်မေသူအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၅၅)**
**အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၁၆၄၄၈၃**

## လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသား အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ ၂၇ ရပ်ကွက်၊ အပိုင်း ၄၊ ရှုခင်းသာလမ်း နှင့် ခရေ ၄ လမ်း၊ ရွှေပင်လုံ အိမ်ရာ၊ အမှတ်-၇၉ တွင် ရုံးခန်းဖွင့်လှစ်ထားသော WOW FASHION COMPANY LIMITED သည် အောက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ် အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်တွင် မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်-

WOW!
FASHION

(မှတ်ပုံတင်အမှတ်-၄/၄၅၈၅/၂၀၂၂)

အထက်ဖော်ပြပါ အမှတ်တံဆိပ်အား စက်ရုံသုံးကုန်ချော/ကုန်ကြမ်းပစ္စည်းများ၊ အိမ်သုံးကုန် လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်နှင့် အဝတ်အထည်များ၊ လျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်းများ၊ အထည်အလိပ်များ၊ စက္ကူစာရေး ကိရိယာပစ္စည်းများ၊ ရုံးသုံးပစ္စည်းများ၊ ပညာရေးအထောက်အကူပြုပစ္စည်းများနှင့် ကလေးပစ္စည်းအမျိုးမျိုး ဖြန့်ချိရောင်းဝယ်ရေး စတိုးဆိုင် ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီပါသည်။

အဆိုပါ အမှတ်တံဆိပ်အား ဆင်တူယိုးမှားပြုလုပ်ခြင်း၊ မရိုးမဖြောင့်သော သဘောအားဖြင့် ထင်ယောင်ထင်မှား ဖြစ်စေရန်ပြုလုပ်ခြင်း၊ တစ်စိတ်တစ်ဒေသဖြစ်စေ တုပကူးယူခြင်းများ နှင့် အထက်ဖော်ပြပါ အမှတ်တံဆိပ်ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းများ တွေ့ရှိပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ အရေးယူ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**WOW FASHION CO., LTD. ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လှစန္ဒာသိမ့်**
**အထက်တန်းရှေ့နေ (စဉ် - ၄၅၁၉၂)**
**(LL.B, D.B.L, WIPO-Switzerland)**

အမှတ် ၂၆၄၊ ၃စီ၊ ရှိုင်းကွန်ဒို၊ ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း ၃၈၉၃၆၉၊ ၂၄၀၈၉၃

❍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ

ရောင်းမယ်ဆိုတာတော့ သတ်မှတ်မထားရသေးပါဘူး။ အခြေအနေတစ်ခုအထိရောင်းချပေးသွားမှာဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံဆန်ကုန်သည်အသင်းဥက္ကဋ္ဌ ဦးနေလင်းက ပြောသည်။

**လွှတ်လပ်စွာရောင်းချပေး**

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ရောင်းချပေးသည့်ဆန်များသည် အရည်အသွေးကောင်းမွန်သည့်ဆန်များဖြစ်ပြီး ပစ္စည်းမှန်၊ ဈေးနှုန်းမှန်စွာဖြင့် စားသုံးသူများအတွက် လွတ်လပ်စွာရောင်းချပေးခြင်းဖြစ်သည်။ ထိုသို့ရောင်းချပေးရာတွင် ပြန်လည်ရောင်းချသည့်ကုန်သည်များ၊ လက်လီဆိုင်များသို့ ရောင်းချပေးခြင်း မဟုတ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

“ကျွန်တော်တို့မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှာ ကုန်ဈေးနှုန်းကော်မတီဆိုတာရှိတယ်။ ကျသွားတယ်ဆိုလည်း ဘယ်လိုကြောင့်လဲ၊ တက်သွားတယ်ဆိုလည်း ဘယ်လိုကြောင့်လဲ မြန်မာနိုင်ငံ ဆန်ကုန်သည်အသင်းရော၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှာရော မူဝါဒတွေရှိပြီးသားဖြစ်ပါတယ်။ ဒါတွေကအမြဲတမ်းလုပ်နေကျအလုပ်တွေဖြစ်ပါတယ်။ ယနေ့မှဈေးတက်လို့လုပ်တာလည်းမဟုတ်ပါဘူး။ ကုန်ဈေးနှုန်းစောင့်ရှောက်ရေးနဲ့ စဉ်ဆက်မပြတ်တည်ငြိမ်စေရေးကို မြန်မာနိုင်ငံဆန်ကုန်သည်အသင်းက တောက်လျှောက်လုပ်နေတာဖြစ်ပြီး အားလုံးပူးပေါင်းကာ အမြဲပဲစောင့်ကြည့်နေတာဖြစ်ပါတယ်” ဟု ဦးနေလင်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ဆန်ရောင်းချခြင်းအစီအစဉ်ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့နှင့် ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)၊ ဆန်စပါးကုန်စည်ဒိုင်(ဘုရင့်နောင်)တို့မှ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ ဆန်ရောင်းချရာတွင် ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ကျပ်ခုနစ်သောင်းခွဲ၊ ဧရာဝတီပေါ်ဆန်းတစ်အိတ်လျှင် ကျပ်ငါးသောင်းခွဲ၊ ကျားပျံဆန်တစ်အိတ်လျှင် ကျပ်ခြောက်သောင်း၊ ရက် ၉၀ ဆန် တစ်အိတ်လျှင် ကျပ် ၃၇၀၀၀ ဖြင့် ရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဗလစိုး**

❖

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈/L)ရပ်ကွက်၊ ကျွန်းရွှေမြိုင်(၄)လမ်း၊ မြေကွက်အမှတ် (၁၆၉၅/ခ) နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား၊( ၂၀'x၆၀')၊ (၁၂၀၀)စတုရန်းပေ၊ (၀.၀၂၇၅)ဧက အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်ဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးတင်အောင် [၁၂/ဒဂတ(နိုင်)၀၀၁၉၁၅]က ဂရန်အမည်ပေါက်ပြီး ယခုရောင်းချသူ ဦးကျော်စိုးလွင် [၅/ရဘန(နိုင်)၀၇၉၇၁၉]က ဂရန်အမည်ပေါက်ထံမှ အဆက်ဆက် အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူလက်ဝယ်ရရှိ ပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်နှင့် နေအိမ်ဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အပက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့် နေအိမ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟုအဆိုရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများ တရားဝင်မှတ်ပုံတင် စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးစွမ်းထက်ပိုင်** | **ဒေါ်ပိုးဇာနည်ဝင်း** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၀၆)** | **အထက်တန်းရှေ့နေ** |
| **LL.B, DBL ,DIL , MA(Business Law)** | **LL.B (စဉ်-၅၀၅၉၅)** |
| **ဖုန်း-၀၉-၄၃၀၉၄၆၇၂** | **ဖုန်း-၀၉-၇၉၉၈၉၀၄၉၂** |

**တိုက်(၁၄)၊ အခန်း(B-1/B-2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ရွှေဘိုလမ်း၊ အမှတ်(၁၀၆၁)၊ အကျယ်အဝန်း (၄၀'x၆၀')ရှိ ဦးအုန်းဇော် (ဇက်/အမ်အေဂျီ-၀၅၇၀၇၅) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်အတွင်းရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အဆင့်ဆင့်လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်တင်တင်ဦး [၁၂/ဒဂတ(နိုင်)၀၃၁၉၇၀]မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းထံမှ အဆိုပါအိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေတို့က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်အောင်(ဥပဒေတွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၃၀)**
**ဖုန်း-၀၉-၄၃၀၆၄၆၇၆၊ ၀၉- ၇၇၄၃၀၆၄၆၇**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)
## ရန်ကုန်တိုင်းဒေသကြီး၊
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်၌
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၅

| | | |
|---|---|---|
| ဦးဘုန်းမြင့် | နှင့် | ဦးစိန်ဝင်း |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ခရေလမ်း၊ အမှတ်-(၁၀၇၂) နေ ဦးစိန်ဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၁၇)ရက် (၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆုတ် ၆ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၂)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မေသော်သော်ဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ ညောင်ဦးဖီးလမ်း၊ မြေကွက်အမှတ်(၇၂၅)၊ မြေအကျယ်ပေ(၄၀x၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သွဲ့သွဲ့လင်း [၁၀/မလမ(နိုင်)၀၀၀၅၅၅]မှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီတာဝင်း [၁၂/ဒဂမ(နိုင်)၀၀၀၉၆၂]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဦးဇော်မြင့်ဦး (H.G.P, LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၆၁၁)**
**အမှတ်-၁၁၉၈ ၊ ပင်းယလမ်း၊ (၆) ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၆၄၈၁၂၂၂၁**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## (၁)နှစ်ပြည့် သတိရတမ်းတ အမျှပေးဝေခြင်း
## ဦးမြင့်သိန်းထွန်း(ကိုပေါက်) (အထွေထွေမန်နေဂျာ-ငြိမ်း)
### မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

မောင်နှမတွေထဲမှာ အရင်ဆုံး ခွဲခွာသွားခဲ့တာ (၄-၈-၂၀၂၂)ရက်နေ့ဆိုရင် (၁)နှစ်ပြည့်သွားပါပြီ။ ငယ်ငယ်ကလေးဘဝကတည်းက မိဘမောင်နှမတွေအပေါ် သိတတ်ခဲ့၊ အလေးထား ဂရုစိုက်ပေးခဲ့တာတွေကို အမြဲသတိရနေကြပါတယ်။ နေ့စဉ် ကုသိုလ်ကောင်းမှုတွေပြုလုပ်ပြီးတိုင်း ကိုပေါက်ကို မေတ္တာပို့သ အမျှပေးဝေနေပါတယ်။ သာဓု အနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။ သံသရာခရီးတစ်လျှောက် ကုသိုလ်ကောင်းမှုတွေ ပြုလုပ်နိုင်ပြီး ဝိပဿနာတရားများအားထုတ်နိုင်ပါစေ။ နိဗ္ဗာန်ကို ဘဝတိုတိုနဲ့ မျက်မှောက်ပြုနိုင်ပါစေ။ ကိုပေါက်ရေ အမျှ အမျှ အမျှ....။

**ကျန်ရစ်သူမောင်နှမ မိသားစု**
**၄၃၊ မင်္ဂလာလမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**

## ဒေါ်ချိုချို [၁၃/တကန(နိုင်)၁၃၂၀၈၁]နှင့် အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ ရေအေးကွင်းရပ်၊ မြရတနာလမ်း၊ အိမ်အမှတ်(၁၇၀)နှင့်ပတ်သက်၍ (အဖ) ဦးသောင်းရွှေ၏သမီး ဒေါ်နန်းစံပယ်ဆွေမှ ဒေါ်ချိုချိုနှင့် အများသိရှိစေရန် ကြေညာအပ်ပါသည်မှာ-

တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ ရေအေးကွင်းရပ်ကွက်၊ မြရတနာလမ်း၊ အိမ်အမှတ်(၁၇၀) နေအိမ်ခြံမြေနှင့်ပတ်သက်၍ တောင်ကြီးခရိုင်တရားရုံးတော်တွင် ၂၀၂၂ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် (၁၄)၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နေပြည်တော်တွင် ၂၀၂၂ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ အထူးအမှုအမှတ် (၃၁၂) အပြင် ဇာရီဆိုင်းငံ့မိန့်ကိုပါ ပူးတွဲလျှောက်ထားခဲ့ပြီးဖြစ်ပါသည်။ ရည်ညွှန်းပါ နေအိမ်ခြံမြေသည် တရားရုံးတော် အဆင့်ဆင့်တွင် အမှုအခင်းများ ရင်ဆိုင်နေဆဲဖြစ်ပါသဖြင့် ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ အာမခံထားခြင်းများ ပြုလုပ်ခြင်း မပြုကြရန်နှင့် ပြုလုပ်ပါက ပါဝင်ပတ်သက်သူများ နစ်နာဆုံးရှုံးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ဇင်ဦး**
**အထက်တန်းရှေ့နေ(စဉ်-၅၂၂၈၈)**
**ဖုန်း- ၀၉-၇၅၇၀၁၇၂၈၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ ၄၁-တိုးချဲ့ရပ်ကွက်၊ ဦးဝိစာရလမ်း၊ တော်ဝင်အိမ်ရာ၊ တိုက်အမှတ်(၁၅)၊ အခန်းအမှတ်(၁၂) ပထမထပ်နေ ဒေါ်ခင်မေသက် [၁၂/ကတတ(နိုင်)၀၂၁၇၈၅] ကိုင်ဆောင်သူ အသက်(၈၄)နှစ်သည် (၂၄-၇-၂၀၂၂) ရက်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ခဲ့ပါသည်။ ၎င်းကွယ်လွန်သည့်အခါ အထက်ဖော်ပြပါလိပ်စာရှိ တိုက်ခန်းကျန်ရစ်ခဲ့ပါသည်။ ယခုအခါ ဤတိုက်ခန်းသည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအမွေပုံမှုသဘောအရ ဒေါ်ခင်မေသက်၏ခင်ပွန်း ဦးတင်ဦး [၁၂/ကတတ(နိုင်) ၀၁၆၈၅၉]ကိုင်ဆောင်သူက ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး လက်ဝယ်ထားနေထိုင်လျက်ရှိပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ အခြားအကျိုးပိုင်ဆိုင်ခွင့်ရှိသူဟု ယူဆပါက ခိုင်လုံသော မူရင်းအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးတင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကျော်ဒင် (စဉ်-၇၃၃၁)** | **ဒေါ်အောင်ကျော်မ (စဉ်-၁၂၅၈၈)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ် (၈၃)၊ အခန်း (၁၃/၃)၊ ပန်းဆိုးတန်းလမ်း၊ (၄) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၄၀၂၇၇၄၊ ၀၉-၇၉၉၁၅၈၅၈၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ကနောင်မင်းသားကြီးလမ်း၊ (၈၉)ရပ်ကွက်၊ တိုက်(၁)၊ ပထမထပ်၊ အခန်း(၁၀၄)၊ (၂၂x၂၄)ပေ တိုက်ခန်းအား အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မင်းမင်းထိုက် [၁၂/ဥကတ(နိုင်) ၁၅၀၅၆၆]ထံမှ ဝယ်ယူရန် ဦးသိန်းတန် [၂/ဒမဆ(နိုင်)၀၂၅၇၂၁]သည် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်ရန်အကြောင်း တစ်စုံတစ်ရာရှိပါက ဤကြော်ငြာစာပါပြီး (၇)ရက်အတွင်း သက်သေအထောက်အထားခိုင်မာစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးသိန်းတန် [၂/ဒမဆ(နိုင်)၀၂၅၇၂၁]**
**ဖုန်း-၀၉- ၄၂၀၁၆၀၄၇၆၊ ၀၉- ၉၆၁၄၃၉၆၁၄**

## အများသိရှိစေရန် အသိပေးကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်တင်စိန် (ဘ) ဦးလှမောင် [၉/မရတ(နိုင်) ၀၆၆၀၂၆]၊ ၆၅-လမ်း၊ စိန်ခြယ်လမ်းနှင့် စံပယ်လမ်းကြား၊ မြို့သစ် (၁)ရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန်းဒဂုဏ်၊ လေဆာ(အလိုင်းမင်းလုပ်ငန်း) မန္တလေးမြို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိရှိစေရန် အသိပေးကြေညာပါသည်-

ဒေါ်တင်စိန် ခင်ပွန်းဖြစ်သူ ဦးအေး (ဘ) ဦးတိုင်းလုံ [၉/မရတ(နိုင်)၀၆၆၀၂၃] သည် ၁၃-၈-၂၀၂၀ ရက်တွင် ကွယ်လွန်သွားသည့်အခါ ကျန်ရှိနေသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းဟူသမျှကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဇနီးဖြစ်သူ ဒေါ်တင်စိန်က အမွေဆက်ခံပိုင်ဆိုင်လာကြပါသည်။

ယင်းပစ္စည်းများအနက်မှ အမှတ်-(B-၁၀၈)၊ ဓမ္မရာဇာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေညီထပ်တိုက်ခန်းနှင့် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇၄)၊ အမှတ် (၂)လမ်းမကြီးနှင့် အမှတ်(၇) မြို့ပတ်လမ်းမကြီးဆုံရာ၊ ဒီဇင်ဘာသီရိဂေဟာမြို့တော်၊ (၆)ထပ်တိုက်အဆောက်အဦမှ (B Block)၊ တိုက်အမှတ် (၉၆)၊ အခန်းအမှတ် (၁၀၁)၊ မြေညီထပ် (ဘယ်)တိုက်ခန်းတို့ ပါဝင်ပါသည်။

ယင်းတိုက်ခန်းများနှင့်ပတ်သက်၍ ဒေါ်တင်စိန်၏ သဘောတူခွင့်ပြုချက်မပါဘဲ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ လွှဲပြောင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။ ဒေါ်တင်စိန်ခွင့်ပြုချက်မပါရှိဘဲ ဝယ်ယူခဲ့ပါက ဝယ်ယူသူ၏ တာဝန်သာဖြစ်ကြောင်းနှင့် ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသိန်းသန်းဦး(B.Sc, R.L)** | **ဒေါ်တင်သွယ်သွယ်ဌေး၊** |
| **(စဉ်-၃၆၉၅)** | **(စဉ်-၈၉၆၀)** |

| | | | |
|---|---|---|---|
| **ဒေါ်ဝေဝေရီ** | **ဒေါ်လွဲ့လွဲ့ဝါ** | **ဒေါ်တင်ဇာမင်း** | **ဒေါ်နီနီဝင်း** |
| **(စဉ်-၁၀၅၉၂)** | **(စဉ်-၁၀၅၈၆)** | **(စဉ်-၁၄၂၈၄)** | **(စဉ်-၁၄၄၈၉)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၃/၄၉)၊ အခန်းအမှတ် (၃)၊ ပထမထပ်၊ စထရင်းကွန်ဒို၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးတင်ဝမ်
### မဟာစည်သာသနာ့ရိပ်သာ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ နာယကကြီး
### ရွှေလင်းယုန် ကားဆားဗစ်၊ ရန်ကုန်မြို့
## အသက် (၉၉)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၁၂)၊ ဦးဝိစာရလမ်း၊ ဗဟန်းမြို့နယ်နေ (ဦးလွမ်းနန်း-ဒေါ်သန်းကြည်)တို့၏ သား၊ ဒေါ်လှကျင်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးနန်းဝင်း-ဒေါ်ခင်မေယု၊ Dr.မြင့်ဆွေ- Dr.ဖြူဖြူဝင်း၊ Dr.တင်တင်မြင့်၊ ဦးမောင်ချို-ဒေါ်သီတာအောင်၊ Dr.အောင်ဝင်း-ဒေါ်ကြွေကြွေဇင်တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၈ ယောက်တို့၏အဘိုး၊ မြစ် ၂၁ ယောက်တို့၏ဘိုးဘိုး ဦးတင်ဝမ်သည် ၃-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၈:၃၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၅-၈-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## တစ်နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
### ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဒေါက်တာ ဦးသက်မှူး
**B.V.S (Y.g.n), D.E.P (Y.g.n), D.P.H & A.F.M.T (Netherland)**
## အသက် (၇၆)နှစ်

ကျေးဇူးရှင် ဖေဖေ ဘဝတစ်ပါးသို့ ပြောင်းသွားသည်မှာ ၄-၈-၂၀၂၂ ရက်ဆိုလျှင် တစ်နှစ်တင်းတင်းပြည့်ပါသော်လည်း နေ့စဉ်သတိရပြီး ကျေးဇူးတရားကို အောက်မေ့လျက် ရည်စူး ကုသိုလ်များ ပြုလုပ်ပေးနေပါသည်။

မြင့်မြတ်ရာဘုံဘဝမှ သာဓုခေါ်ဆိုပါ... ဖေဖေ

| | | |
|---|---|---|
| **ဇနီး** | - | **ဒေါ်စန်းစန်း** |
| **သား/သမီးများ** | - | **ကျော်စိုးစံ၊ နန်းချယ်ရီ** |
| | - | **ဒေါက်တာရွှေစင်ဝင်း** |
| | - | **ရဲမာန်သက်-မကေဇာဝင်း** |
| **မြေးများ** | - | **မင်းခန့်ပိုင်၊ စစ်မှူးမာန် ခွန်ရှုမောင်ခန့်** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅ စီဂျီ)၊ အနောက်ဈေးဟောင်းလမ်း၊ မြေကွက်အမှတ် (၃၆၂)ဟုခေါ်တွင်သော အမှတ်(၅၄)၊ ဆရာစံ(မြောက်)အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်တွင်တည်ရှိသော မြေအကျယ်အဝန်း ပေ(၂၀x၄၀)၊ ဧရိယာ(၈၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်သန်းသန်းနွယ်[၁၂/ဗဟန(နိုင်)၀၅၃၃၃၈] အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူတို့က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**


| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်ကေကေနိုင်(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၃၃၄၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

ရိုးရိုးမီးလုံး၊ မီးချောင်းထက် Energy Saving Lamp ကို ရွေးချယ် အသုံးပြုသင့်သည်။

Energy Saving Lamp ထက် LED မီးလုံး မီးချောင်းများကို ရွေးချယ် အသုံးပြုသင့်သည်။







## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**- ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။**

**- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေး ရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။**

**- အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှု မပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့် အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

## မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်အိတ်နှုန်းဖြင့် ရောင်းချပေး

ရန်ကုန် ဩဂုတ် ၃

ပြည်တွင်းဈေးကွက်တွင် ဆန်ဈေးအနည်းငယ်မြင့်တက်နေသည့်အတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ဦးဆောင်ကာ စားသုံးသူပြည်သူများအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်အိတ်နှုန်းဖြင့် ယနေ့မှစတင်ကာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

“စားသုံးသူ ပြည်သူတစ်ဦးလျှင် တစ်အိတ်နှုန်းနဲ့ ဒီနေ့မနက် ၉ နာရီကနေ ညနေ ၃ နာရီထိ ကျွန်တော်တို့ရောင်းချပေးနေပါတယ်၊ ကျွန်တော်တို့ရဲ့သက်သာတဲ့ဈေးနှုန်းနဲ့ ရောင်းချရေးကော်မတီကနေပြီးတော့ စားသုံးသူတွေ သက်သာတဲ့ဈေးနှုန်းနဲ့ရရှိရေး ဦးတည်ပြီးတော့ စားသုံးသူကိုဗဟိုပြု ရောင်းချပေးတာဖြစ်ပါတယ်၊ တနင်္ဂနွေနေ့တစ်ရက်ပဲ ပိတ်ပါတယ်၊ စနေနေ့မှာလည်း ရုံးသမားတွေ လာဝယ်လို့ရအောင် ဖွင့်လှစ်ရောင်းချပေးသွားမှာပါ၊ ဘယ်လောက်ထိ

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ○



## အာဆီယံ ယူ-၁၈ အမျိုးသမီး တတိယနေရာလုပွဲ မြန်မာနှင့် ထိုင်း ယနေ့ကစားမည်

ရန်ကုန် ဩဂုတ် ၃

အင်ဒိုနီးရှားနိုင်ငံ ပလန်ဘမ်မြို့၌ ကျင်းပလျက်ရှိသည့် ၂၀၂၂ အာဆီယံ ယူ-၁၈ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဩဂုတ် ၄ ရက်(ယနေ့)တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် တတိယနေရာလုပွဲအဖြစ် ထိုင်းအသင်းနှင့် ကစားရမည်ဖြစ်သည်။

တတိယနေရာလုပွဲအဖြစ် ဩဂုတ် ၄ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီတွင် မြန်မာနှင့် ထိုင်း၊ ဗိုလ်လုပွဲအဖြစ် ဩဂုတ် ၄ ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ဗီယက်နမ်နှင့် ဩစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဩဂုတ် ၂ ရက်ကကျင်းပသည့် ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် ဗီယက်နမ်က မြန်မာကို လေးဂိုး-တစ်ဂိုး၊ ဩစတြေးလျက ထိုင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❖

**ယနေ့** ဖတ်စရာ

**ဓာတ်ခွဲနမူနာစုစုပေါင်း ၅၅၉၅ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈ ဦးတွေ့ရှိ**

စာမျက်နှာ ၁၂

**မြို့နယ်အချို့ရှိ PDF အမည်ခံ အကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြားကာ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး**

စာမျက်နှာ ၁၅

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင် အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်

နေပြည်တော် ဩဂုတ် ၃

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✻